ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (14-4-2011) (၆၇၃၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၃

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ် နှစ်တစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်အစ တန်ခူးလ၏ ပူပြင်းသောနွေရာသီအပူဒဏ်ကို ခံနိုင်ရန်၊ အေးချမ်းမှုကို ပေးစေရန်၊ နှစ်ဟောင်းကအညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့ ပါမလာစေရန်ရည်ရွယ်၍ ရေစင်သွန်းလောင်းခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းက မတော်တဆပြုမိခဲ့ကြသည့် အမှားအယွင်းများ၊ မကောင်းမှုများနှင့် အာဃာတများကို ကြည်လင်အေးမြသည့် သီတာရေစင်နှင့် ပက်ဖျန်းဆေးကြော သင်ပုန်းချေကြပြီး တစ်ဦး၏အပြစ်ကို တစ်ဦးကခွင့်လွှတ်ကာ ပျော်ရွှင်စွာရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခု ဖြစ်ပါကြောင်း၊

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း မြန်မာတစ်မျိုးသားလုံး၏ ရိုးရာယဉ်ကျေးမှုအရ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၃

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က Traser Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။(ဓါတ်ပုံ)

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းနှင့် နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးသန်းဌေးတို့က Traser Ball များကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်းနှင့် Royal Myanmar Golf & Country Club ဂေါက်ကွင်းတို့၌ ယနေ့မှစတင်၍ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့် ဂေါက်သီးရိုက်အားကစားသမား ၁၇ ဦးနှင့် Amateur အဆင့် အားကစားသမား ၇၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် နေ့စဉ် ဂေါက်ကွင်းအလိုက် တစ်ဦးချင်းရိုက်ချက်အကောင်းဆုံးဆုများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့**

၁၄-၄-၂၀၁၁
(ကြာသပတေးနေ့)

ပျော်ရွှင်ကြည်နူး မြန်မာ့နှစ်သစ်ကူးသင်္ကြန်

လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ ဆိုရမည်ကဲ့သို့ပင် သင်္ကြန်မိုးပြေးနှင့်အတူ ပန်းပိတောက်တို့ ပင်လုံးညွတ်မျှ ဖူးပွင့်ဝေဆာနေကြပြီ။ မကြာသေးမီက ရွာသွန်းခဲ့သည့် မိုးနှင့်အတူ အချို့မြို့ရွာများတွင် ပိတောက်ပန်းတို့ ပွင့်ခဲ့ပြီ။ တန်ခူးလေသည် ကံ့ကော်ပန်း၊ ပိတောက် ပန်းနှင့် ရင်ခတ်ပန်းတို့၏ သင်းရနံ့များ သယ်ဆောင်လာရာ သင်းထုံမွှေးပျံ့နေချေပြီ။

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းမှုသည် လူမျိုးတိုင်း၏ သင်္ကေတတစ်မျိုးဖြစ်သည်။ မြန်မာတို့က ရိုးရာယဉ်ကျေးမှုနှစ်သစ်ကူးပွဲကို မဟာသင်္ကြန်ပွဲ ကျင်းပ၍ ဆင်နွှဲကြသည်။ သင်္ကြန်ကို နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေဖျန်းပက်သည့်ပွဲတော်ဟူ၍ ဖွင့်ဆိုရေးသားကြသည်။

သင်္ကြန်ပွဲတော်ကို ပုဂံခေတ်ဦးမှအစပြု၍ ကျင်းပလာခဲ့ကြသည်။ သင်္ကြန်ပွဲတော်တွင် တစ်ဦးနှင့်တစ်ဦး ရေသွန်းလောင်းကစားကြခြင်းကြောင့် အပူရှိန် သက်သာစေသည်။ ကြည်လင်အေးမြသောရေဖြင့် ပက်ဖျန်းကြ၍ ပျော်ရွှင်ကြည်နူးချမ်းမြေ့ကြသည်။ ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသည်။ထို့အတူ သင်္ကြန်ရေဖြင့် ပက်ဖျန်းကစားကြသူများသည် နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ ကင်းရှင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး ရှင်းသန့်စင်ကြယ်ကြပါစေကြောင်း ရည်ရွယ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်သည် ပျော်ရွှင်ကြည်နူးဖွယ်ရာ ကောင်းလှသည်။ မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်များ လွှမ်းခြုံလျက်ရှိရာ သိမ်မွေ့သော၊ ယဉ်ကျေးသော ရိုးရာနှစ်သစ်ကူးပွဲတော်လည်းဖြစ်သည်။ ရှေးကာလက ရေကစားရာတွင် ငွေဖလားအတွင်း စန္ဒကူးနံ့သာရည်များ ထည့်၍ မွှေးပျံ့သောရေစင်ဖြင့် ယဉ်ယဉ်ကျေးကျေး သွန်းလောင်းကြသည်။ ထို့အပြင် ရေသည် ခွဲခြား၍မရ တစ်သားတည်း တစ်ပြင်တည်း တည်ရှိနေသကဲ့သို့ ပြည်သူအများ ရေကစားကြရာ၌ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခြင်း၊ ခင်မင်ခြင်း မေတ္တာစိတ်ပြည့်ဝခြင်းအနှစ်သာရများ ပြည့်လွှမ်းလျက်ရှိနေပေသည်။

သို့သော် သင်္ကြန်ကာလအတွင်း အချို့အချို့သော ရေကစားသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ၊ အမျိုးသမီးကြီး/ငယ်တို့၏ သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် အမြင်မတင့်တယ်သည့် ဟီရိဩတ္တပ္ပကင်းမဲ့သည့် ပြုမူနေထိုင်မှုများ ပြုလုပ်လျက်ရှိရာ မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ကို အကျည်းတန်စေသည်။ ယင်းသို့သော မြန်မာ့ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သည့်လုပ်ရပ်များ မပြုလုပ်ကြစေရေး ထိန်းသိမ်းကြပ်မတ်ကြရပေမည်။

ပြည်သူတစ်ရပ်လုံး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြပေတော့မည်။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား ယဉ်ကျေးသိမ်မွေ့စွာ ရေသွန်းလောင်းကစားကြခြင်းဖြင့် သင်္ကြန်၏အလှ၊ သင်္ကြန်၏အေးမြခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းများ အပြည့်အဝရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး ဝန်ကြီးသည် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝဲ့ချာချီဝအား သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီးသည် အစည်းအဝေးတက်ရောက်စဉ် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆိုလစ်၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဲလ်ဘတ် အက်ဖ် ဒယ်လ် ရိုစာရီယို၊ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါ၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ချ်ယိုးနှင့် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာန Secretary of State ဒေါက်တာ ခါအိုကင်မ်တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေး ကိစ္စများနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဧပြီ ၁၀ ရက် ညပိုင်းတွင် ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကာဆစ်ပီရိုမြက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံတွင် လွှတ်တော်အဆင့်ဆင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ခြင်းနှင့် အစိုးရဖွဲ့စည်းမှု အခြေအနေ၊ နိုင်ငံခြားရေးမူဝါဒများ အပါအဝင် မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကာဆစ်ပီရိုမြက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆွေးနွေး

ဧပြီ ၁၁ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကာဆစ်ပီရိုမြ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ တရားဝင်အလည်အပတ်ခရီးကို စတင်ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်၍ ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆွေးနွေးပွဲပြုလုပ်ကာ နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့များသည် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ဝန်ကြီးသည် ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝအား အစိုးရအဖွဲ့ရုံးသို့ သွားရောက်တွေ့ဆုံသည်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဧပြီ ၁၂ ရက်တွင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိမ်းနှင့် မြန်မာသံရုံးဝန်ထမ်းများအား တွေ့ဆုံ၍ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လုံခြုံရေးမီးလိုင်းနှင့် ဆိုင်ခန်းသုံးမီးလိုင်းများ ခွဲခြားဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၁၃

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။**(အောက်ပုံ)** ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကား ပြောကြားသည်။ ယင်းနောက် အသင်းအတွင်းရေးမှူး ဦးဇော်မိုးခိုင်က ၂၀၀၉-၂၀၁၀ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။ (ကုန်သည် /စက်မှု)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ✻ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✻ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

✤ ရှေ့ဖုံးမှ

နိုင်ငံတစ်ဝန်းတွင် ဂါရဝပြု ပူဇော်ထိုက်သည့် သက်ကြီးရွယ်အို အဘိုး၊ အဘွား၊ အနန္တဂိုဏ်းဝင် မိဘ၊ ဆရာသမားများအား ပူဇော်ကန်တော့ကြခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းများ လှီးဖြတ်ပေးခြင်း၊ အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးသန့်စင်ဒါနပြုခြင်း၊ တိရစ္ဆာန်များကို ကြင်နာသနားစွာ ဘေးမဲ့လွှတ်ခြင်း၊ ဘုရားပုထိုး၊ စေတီတန်ဆောင်း၊ ကျောင်းကန်များသို့ သွားရောက်ကာ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြန်မာနှစ်ဆန်း (၁)ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များက ရပ်ကွက်များ၊ လမ်းများအလိုက် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်သွန်းချ အမျှပေးဝေကြခြင်း စသည့် နှစ်လိုဖွယ်ရာကောင်းမှုကုသိုလ်များကို ပြုလုပ်ကြသည့် ပွဲတော်လည်း ဖြစ်ပါကြောင်း။

တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာရေကစားကြသည့်အခါ ယဉ်ကျေးပျူငှာခြင်း၊ သိမ်မွေ့ခြင်း၊ ရိုးရာအစဉ်အလာများ ထိန်းသိမ်းခြင်း စသည်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကို ထိန်းသိမ်းသင့်ပါကြောင်း၊ ယဉ်ကျေးမှုကို အရုပ်ဆိုးအကျည်းတန်စေသော သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ ရိုင်းပျစွာ နောက်ပြောင် ကျီစယ်ခြင်းများ၊ ကြမ်းတမ်းစွာ ရေပက်ကစားခြင်း၊ မူးယစ်သောက်စားရမ်းကားမှုများကို ရှောင်ကြဉ်သင့်ကြပါကြောင်း။

ယခုနှစ် နေပြည်တော်တွင် ဆင်နွှဲမည့် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကာလအတွင်း နေပြည်တော်ရှိ မြို့တော်သူ၊ မြို့တော်သားများ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် နေပြည်တော်မြို့တော်ခန်းမအတွင်း ဗဟိုမဏ္ဍပ်၊ ဟိုတယ်ဇုန်ရှိ ဟိုတယ်ခုနစ်ခုမှ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များတွင် ဝန်ကြီးဌာန မိသားစုများ၏ ယိမ်းအဖွဲ့များ၊ ဟိုတယ်နှင့်ကုမ္ပဏီများမှ ဝန်ထမ်းမိသားစု ယိမ်းအဖွဲ့များက ယိမ်းအကပြိုင်ပွဲဝင်ခြင်း၊ ဖျော်ဖြေခြင်း၊ နိုင်ငံကျော်တေးသံရှင်များက ခေတ်ပေါ် တေးဂီတတီးဝိုင်းများဖြင့် ဖျော်ဖြေခြင်းများကို ပြုလုပ်သွားကြမှာဖြစ်ပါကြောင်း၊ ထို့အပြင် နေပြည်တော်ရှိ အများပြည်သူများ အနားယူအပန်းဖြေနိုင်သည့် နေပြည်တော် ရေပန်းဥယျာဉ်၊ အမျိုးသားပရဆေးဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် အမျိုးသား အထိမ်းအမှတ်ဥယျာဉ် စသည့်နေရာများသို့ လှည့်လည်ကြည့်ရှုအနားယူ အပန်းဖြေ ရေကစားနိုင်ကြမှာလည်း ဖြစ်ပါကြောင်း။

အလွန်ယဉ်ကျေး သိမ်မွေ့လှသည့် မဟာသင်္ကြန်ပွဲတော်ကြီးကို မြတ်နိုးဖွယ်ရာ အစဉ်အလာကောင်းများဖြင့်နှစ်စဉ်ကျင်းပခဲ့ကြကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုနှင့် မလျော်ညီသော အပြုအမူ၊ အပြောအဆိုများကို ရှောင်ရှားပြီး မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များ ပေါ်လွင်နိုင်ရေးအတွက် ထိန်းသိမ်းလိုက်နာ ပါဝင်ဆင်နွှဲကြရန် အထူးလိုအပ်လှကြောင်းဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်က နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

၁၃၇၂ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်၊ ပြည်ထောင်စု အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ကုမ္ပဏီများ၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်ဦးရဲထိုက်က ယဉ်ကျေးမှုဝန်ကြီးဌာနမှ တီးဝိုင်းဖြင့် တွဲဖက်၍"မြူမှောင်ဝေကင်း" တေးသီချင်းကို သီဆိုပြီး ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်ယိမ်းအကအဖွဲ့များက"တူးပို့တူးပို့"၊ "ရွှေမန်းမာလာ"၊ "ရက်မြတ်သင်္ကြန်" နှင့် "ရွှင်လန်းချမ်းမြေ့ပါစေ" သီချင်းတို့ဖြင့် ကကြိုးကကွက် စုံလင်စွာ ကပြဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက္ကသိုလ်လဲ့လဲ့၊ ရုပ်ရှင်သရုပ်ဆောင် စိုးရန်အောင်နှင့် စိမ့်နေခြည်တို့က စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့်တွဲဖက်၍လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယိမ်းအဖွဲ့က ယဉ်ကျေးမှုဝန်ကြီးဌာန တီးဝိုင်းနှင့် တွဲဖက်၍လည်းကောင်း၊ ဘိုခန့်၊ ယဉ်ဝေယံထွန်း၊ ရုပ်ရှင်သရုပ်ဆောင် ပပဝင်းခင်၊ အိအိချွန်နှင့် အိအိမွန်တို့က စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် ညပိုင်းတွင်လည်း နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ အနုပညာရှင်များနှင့် တေးသံရှင်များက စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး "ရွှေမြန်မာအငြိမ့်"အဖွဲ့ကလည်း ရွှာသားစိန်လှငွေ ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ကပြဖျော်ဖြေ တင်ဆက်ကြသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်ကပြဖျော်ဖြေကြသည့် ယိမ်းအကအဖွဲ့များအား အတာသင်္ကြန်ရေပက်ဖျန်းစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

မာတာပိတု ဥပဋ္ဌာနံ ဧတံမင်္ဂလမုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

✳ ၂၀၁၁ ခုနှစ်မှ

ချီးမြှင့်မည့်အပြင် ဂေါက်ကွင်းနှစ်ကွင်း၌ လေးရက်ပေါင်း တစ်ဦးချင်းရိုက်ချက်အကောင်းဆုံးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ယနေ့ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို Royal Myanmar Golf & Country Club ဂေါက်ကွင်း၌ ကျင်းပရာ Professional အဆင့်၌ သိန်းဇော်မြင့်က စုစုပေါင်းရိုက်ချက် ၆၉ ချက်ဖြင့် ပထမ၊ စိုးကျော်နိုင်က စုစုပေါင်းရိုက်ချက် ၇၁ချက်ဖြင့် ဒုတိယ၊ နိုင်နိုင်လင်းက စုစုပေါင်းရိုက်ချက် ၇၂ချက်ဖြင့် တတိယ၊ လှမျိုးက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် စတုတ္ထနှင့် ခင်ဇော်ဝင်းက စုစုပေါင်းရိုက်ချက် ၇၃ချက်ဖြင့် ပဉ္စမ ရရှိကြသည်။ Amateur အဆင့်၌ သိန်းနိုင်စိုးက စုစုပေါင်းရိုက်ချက် ၇၁ ချက်ဖြင့် ပထမ၊ သူရကျော်က စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယ၊ ကျော်စွာလင်း က စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် တတိယ၊ ရန်မျိုးအေးက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် စတုတ္ထနှင့် မင်းသူရအောင်က စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် ပဉ္စမ အသီးသီး ရရှိကြသည်။

ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေပိုင်းတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်လှစ်

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း Traser Ball ကိုရိုက်၍ ဂေါက်သီး ရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၃

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ဆောင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် နှစ်ဟောင်းမှာ မတော်တဆပြုမိခဲ့ကြသည့် အမှားအယွင်းများ၊ ကျူးလွန်မိခဲ့ကြသည့် မကောင်းမှုများ၊ တစ်ဦးပေါ် တစ်ဦး တင်ရှိခဲ့ကြသည့် အာဃာတများကို ကြည်လင်အေးမြသည့် သီတာရေစင်ဖြင့် ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြော သင်ပုန်းချေကြပြီး တစ်ဦး၏အပြစ်ကို တစ်ဦးက ခွင့်လွှတ်ပေးကြသည့် အလွန်ချစ်စဖွယ်ကောင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်ကြောင်း။

သက်ကြီးရွယ်အို အဘိုးအဘွား၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်း သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြသည့် ပွဲတော်ကြီးဖြစ်ကြောင်း။

ယခုနှစ်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးတွင် ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များ ပေါ်လွင်နိုင်ရေးအတွက် လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နေချိန်တွင် စနစ်ကျသော ဒီမိုကရေစီကျင့်စဉ်များ ပြည်သူလူထုအတွင်းမှာ ထွန်းကားလာနိုင်စေရန်အတွက် လည်းကောင်း ယဉ်ကျေးသိမ်မွေ့စွာ ထိန်းသိမ်း ရေပက်ကစားကြရန် အထူးပင်လိုအပ်လှပါကြောင်း။

"ရန်ကုန်ပူရံမနေခရမ်ပဟောန္တ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မြို့သူ၊ မြို့သားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး နှစ်သစ်ဝယ် ခွန်အားအသစ်များနှင့် အတူ ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် မြန်မာလူမျိုးများ၏ ဂုဏ်သိက္ခာအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါမဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို တေးသီချင်းကို သံပြိုင်သီဆိုကြလျက် ကကြိုးကကွက် စုံညီစွာ ကပြဖျော်ဖြေတင်ဆက်ကြပြီးနောက် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ တစ်ဖွဲ့ချင်း ကပြဖျော်ဖြေတင်ဆက်ကြကာ ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ညနေပိုင်းအထိ အက၊ အလှ၊ သဘာဝယာဉ်များပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တစ်ခွင်လုံး၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် တေးသံသာများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကွင်း၌ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီက ကျင်းပသည့် (၈)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဘုရားရေသပ္ပာယ်ပွဲအခမ်းအနားနှင့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဇော်အေးမောင်နှင့် အဖွဲ့ဝင်များ၊ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူးတို့က နံ့သာရည်များဖြင့် မြတ်စွာဘုရားအား ရေသပ္ပာယ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံ့သာရည်ဖြင့် ဘုရားရေသပ္ပာယ်မှု၊ ရခိုင်ရိုးရာယဉ်ကျေးမှု ယိမ်းအကများဖြင့် ဖျော်ဖြေမှုနှင့် ရေကစားမဏ္ဍပ် ၁၀ ခုတို့ဖြင့် ပျော်ရွှင်စွာ ရေလောင်းကစားမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ကန်တော်ကြီးပတ်လမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဝေဇယန္တာလမ်း၊ အလုံလမ်း၊ ကမ်းနားလမ်းနှင့် ဘုရင့်နောင်လမ်း စသည့် ရန်ကုန်မြို့တစ်ခွင်လုံး၌ မဏ္ဍပ်ကြီး၊ မဏ္ဍပ်လတ်၊ မဏ္ဍပ်ငယ်အပါအဝင် ရေကစားမဏ္ဍပ်ပေါင်း ၂၀၀ ကျော် တည်ဆောက်၍ ပျော်ရွှင်စွာ ရေကစားကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် စတင်ကျင်းပ ရန်ကုန်မြို့၌ ရေကစားမဏ္ဍပ်ပေါင်း(၂၀၀)ကျော်ဖြင့် အတာသင်္ကြန်ရေသဘင်ပွဲတော် ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၃

ယနေ့ မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားများ၊ သင်္ကြန်ကာလ ကုသိုလ်ပြုပွဲများဖြင့် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ကို ကြိုဆိုဆင်နွှဲကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ကိုယ်စားပြု မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဧရာဝဏ်လမ်းမကြီး သာကေတကျောက်တိုင်အနီးရှိ မဟာသင်္ကြန်မဏ္ဍပ်၌ လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ရွှေဂုံတိုင်ဟိုတယ် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင်ဟိုတယ်ရှေ့ရှိ ရေသဘင်မဏ္ဍပ်၌ လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် သန်လျင်မြို့ သိမ်ကျောင်းလမ်း မြို့မဈေးအနီးရှိ ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေရည်နံ့သာ မဟာသင်္ကြန် ဆုပေးမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံ ရွှေနံ့သာပန်းခြံအနီးရှိ မဟာသင်္ကြန်မဏ္ဍပ်၌ လည်းကောင်း ကျင်းပကြသည်။

အလားတူ ရွှေသံလွင်ကုမ္ပဏီလီမိတက် Sky Net နှင့် Shwe FM Radio မိသားစု၏ ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လသာမြို့နယ် အနော်ရထာလမ်းနှင့် (၁၉)လမ်းထောင့်ရှိ အဆိုပါမဏ္ဍပ်ရှေ့၌ ကျင်းပသည်။

ရန်ကုန်တောင်ပိုင်းခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၌ မဟာသင်္ကြန်အကြိုနေ့ နံနက်ပိုင်းမှစတင်၍ ရေသဘင်မဏ္ဍပ်များကိုဖွင့်လှစ်ကာ ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲကြရာ ကမ္ဘာအေးစေတီလမ်း၌ Max, O၊ သိကြားမင်းရဲ့ Domino၊ Fun Unlimited၊ ရာသက်ပန်နှင့် ဆီဒိုးနားဟိုတယ် မိသားစု ရေကစားမဏ္ဍပ်များ၊ ပြည်လမ်း အင်းလျားကန်အနီး၌ အဲယားပုဂံ၊ Posh၊ ဖူးပိတောက်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ရေကစားမဏ္ဍပ်များ၊ ကန်တော်ကြီး ကန်ပတ်လမ်း၌ နွေပိတောက်၊ သူရဲကောင်း (ရွှေသင်္ကြန် -၂၀၁၁)၊ နွေဦးကဗျာ၊ နှင်းမိုးစက်နှင့် တော်ဝင်ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူများ ရေကစားကြသည်။ ရန်ကုန်မြို့၌ ရေကစားမဏ္ဍပ်ပေါင်း ၂၀၀ ကျော် ဆောက်လုပ်ကာ မဟာသင်္ကြန်ရေသဘင်ပွဲကို ရန်ကုန်မြို့နေ ပြည်သူများ ပျော်ရွှင်စွာ ဆင်နွှဲကြမည်ဖြစ်သည်။

စည်ကားလျက်ရှိ

ထိုနည်းတူ ဘုရား၊ ပုထိုး၊ စေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓမြတ်စွာအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကာ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ တရားစခန်းများ၌ ဝိပဿနာတရား ပွားများအားထုတ်ကြသူများ အထူးများပြားသကဲ့သို့ မိမိတို့အိမ်အလိုက်၊ ရပ်ကွက်အလိုက် စတုဒိသာကျွေးမွေးကာ ကုသိုလ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၃

သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးထွန်းကားရာ နှစ်ပေါင်း (၁၅၀)ကျော် သက်တမ်းရှိသော မန္တလေးမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သစ် အခင်းအကျင်းနှင့်အညီ အမျိုးသားရေး သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ခံယူလျက် ယခုနှစ်တွင်လည်း အစဉ်အလာမပျက် အောင်မြင်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် သင်္ကြန်ပွဲတော်ကြီးတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် သွန်းလောင်းသန့်စင်၍ မင်္ဂလာနှစ်သစ်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများဖြစ်ထွန်းစေရန် မေတ္တာရေစင် သွန်းလောင်းပက်ဖျန်းနိုင်ကြပါစေကြောင်းနှင့် ရိုးရာယဉ်ကျေးမှုသမိုင်းအစဉ်အလာ ဂုဏ်ရှိန်ဝါကြီးမားလှသည့် မန္တလေးဟန်၊ မန္တလေးတန်ဖိုးကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ကြပါစေကြောင်းဖြင့် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က ယနေ့ညနေ ၅ နာရီခွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် ၁၃၇၂ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

၁၃၇၂ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်ပွဲတော် အကြိုနေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ အတာရေကစားကြစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ မန္တလေးမြို့တော်ဝန်မဏ္ဍပ်မှ သင်္ကြန်ယိမ်းအက လှပျိုဖြူများ၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ မန္တလေးမြို့တွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများ၊ သင်္ကြန်ချစ်သူ မန္တလေးရွှေမြို့တော်သူ၊ ရွှေမြို့တော်သားများ၊ မြို့တော်စည်ပင်သာယာ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန်းစည်ပင်ဆိုင်းဝိုင်းတော်ကြီး၊ ခေတ်ပေါ်တေးဂီတအဖွဲ့တို့နှင့်အတူ မြို့တော်စည်ပင်သာယာယိမ်းအဖွဲ့နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများက မန်းတောင်ရိပ်ခိုနှင့် ပြည်ထောင်စု၏ထာဝရအလှများ သင်္ကြန်တေးသီချင်းများသီဆို၍ စုပေါင်းကပြဖျော်ဖြေကြရာ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များကလည်း ပါဝင်သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် မြို့တော်စည်ပင် သင်္ကြန်ယိမ်းအက လှပျိုဖြူလေးများ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များသည် မြို့တော်စည်ပင် မြန်မာ့ဆိုင်းဝိုင်းတော်ကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့၊ မစ်တယ်လ်ဇုန်တေးဂီတအဖွဲ့တို့နှင့်အတူ တွဲဖက်၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှု အားပေးကြသူများအား သင်္ကြန်အက၊ သင်္ကြန်တေးသီချင်း၊ ခေတ်ပေါ်တေးသီချင်းများဖြင့် မြူးမြူးကြွကြွ ကပြဖျော်ဖြေကြရာ မဏ္ဍပ်ရှေ့မျက်နှာစာတွင် ကြက်ပျံမကျ အထူးစည်ကားလျက်ရှိပြီး သင်္ကြန်ချစ်သူများသည် နှစ်သစ်ကူး မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ စတင်ဆင်နွှဲကြသည်။

မဟာသင်္ကြန်ပွဲတော် အကြိုနေ့က မန္တလေးမြို့ ကျုံးပတ်လည်တစ်လျှောက်နှင့် မန္တလေးမြို့တွင်း မြို့နယ်များ၊ ရပ်ကွက်များအတွင်းရှိ အလှပြမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၌ အလှပြယာဉ်များဖြင့် သင်္ကြန်အက၊ သင်္ကြန်တေးသီချင်း၊ ခေတ်ပေါ်တေးသီချင်းများဖြင့် မြူးမြူးကြွကြွ ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် အကြိုနေ့တွင် မန္တလေးမြို့ ကျုံးပတ်လည်တစ်လျှောက်နှင့် မန္တလေးမြို့တွင်း မြို့နယ်များ၊ ရပ်ကွက်များအတွင်းရှိ အလှပြမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သော မန္တလေးရွှေမြို့တော်သူ၊ ရွှေမြို့တော်သားများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသည် အေးချမ်းပျော်ရွှင်စွာဖြင့် တစ်ဦးနှင့်တစ်ဦး မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အတာရေပက်ဖျန်းသွန်းလောင်းကြကာ စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၃

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Kaung Myat Companies (KM Golf Centre)က အဓိကကူညီပံ့ပိုးသော (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin) ၏ တတိယနေ့အဖြစ် ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလား ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပလျက်ရှိသည်။

(၅၃)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup)တွင် ကြေးအဆင့် ၈၃ ဦး၊ ငွေအဆင့် ၉၆ ဦး၊ ရွှေအဆင့် ၅၇ ဦး၊ ပြင်ဦးလွင်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဝင် ၅၀၊ အမျိုးသမီးပြိုင်ပွဲဝင် ၁၇ ဦးနှင့် သက်ကြီးတန်းပြိုင်ပွဲဝင် ၃၆ ဦး စုစုပေါင်းပြိုင်ပွဲဝင် ၃၃၉ဦး၊ အသင်းလိုက်ပြိုင်ပွဲတွင် ရွှေအဆင့် ၁၂သင်း၊ ငွေအဆင့် ၁၅ သင်း၊ ကြေးအဆင့် ၁၀သင်း စုစုပေါင်း ၃၇ သင်း အသီးသီး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

(၅၃)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup)တွင် ဂေါက်သီးရိုက် အားကစားသမားတိုင်းအား Woodland European & Thai Cuisines Restaurant & Cafe မှ ကူညီပံ့ပိုးသည့် တစ်လုံးလျှင် ငွေကျပ် ၅၀၀၀ တန် ပြင်ဦးလွင် Gold Cup တံဆိပ်နှင့် Marker ပါဦးထုပ်တစ်လုံးစီ လက်ဆောင်ပေးအပ်ခဲ့သည်။

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းက နှစ်စဉ်ထုတ်ဝေလျက်ရှိသည့် Pyin Oo Lwin Gold Cup Magazine (2010) ကိုလည်း ယခုကျင်းပလျက်ရှိသည့် (၅၃)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတင်းဓာတ်ပုံ ဆောင်းပါးအပြည့်အစုံနှင့်အတူ ၂၀၁၁ ခုနှစ် ဧပြီလကုန်တွင် ပုံနှိပ်ဖြန့်ဝေမည်ဖြစ်သည်။

ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်း ကျောက်တိုင်ကွင်း၌ ယနေ့ ညနေ ၃ နာရီက စတင်ဖွင့်လှစ်ခဲ့သည့် မြို့တော်ဗဟို ရေကစားမဏ္ဍပ်အပါအဝင် စုစုပေါင်း ရေကစားမဏ္ဍပ်ပေါင်း ၂၁ ခုတို့ဖြင့် ရပ်ဝေး၊ ရပ်နီး ဧည့်သည်ပြည်သူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိရာ (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup) သို့ အပူဒဏ်ရှောင်ရှားရင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ပြိုင်ပွဲဝင်ကြသည့် ဂေါက်သီးအားကစားသမား ၃၀၀ ကျော်နှင့် မိသားစုဝင်များသည်လည်း ပြင်ဦးလွင်၏ မဟာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်မှတ်စု

တပေါင်းအကုန် တန်ခူးအကျ နွေဦးကာလ၌ ကျွန်မတို့၏မြို့နယ်အတွင်းရှိ လမ်းများ၊ ဈေးများ၊ ဆိုင်များတွင် ယခင်နှင့်မတူ ပိုမိုစည်ကားနေပါသည်။ လမ်းထောင့်၊ လမ်းသွယ်များမှ ပေါ်ထွက်လာသော မြူးကြွကြွတေးသံသာများမှာ သင်္ကြန်ကျရောက်ပြီဆိုသည့် အထိမ်းအမှတ် သံသာများဖြစ်သည်။

ဤအချိန်ကာလ(နှစ်ကူးကာလ)သို့ ရောက်လေတိုင်း နိုင်ငံတစ်ဝန်းရှိ အရပ်ဒေသတိုင်းတွင် သင်္ကြန်တေးသီချင်းများကို မြူးမြူးကြွကြွ ကြားနေရသည်။

“သင်္ကြန်ခါတော်. . . . ရေကစားကြတာ ပျော်ရွှင်ဖွယ်. . . . လောင်းကာ . . . ပက်ကာ. . . မောင်ရင်းနှမသဖွယ် ကြည်ရွှင်တယ်”။

“. . . . ခင့်မြို့မလာပြီကွယ်. . . . ဆီးကြိုလှဲ့ကွယ်. . . မောင်နှမရင်းနှယ် ခင်မင်စိတ်ထားကြွမိတယ်. . . .”

ဤသို့သော နားဝင်အေးသည့် မြန်မာဆန်ဆန် သင်္ကြန်တေးသီချင်းများကို ကြားနေရသကဲ့သို့ အခြားတစ်ဖက်ကလည်း ပေါ့တေးသင်္ကြန်သီချင်းများ၊ မည်သည့်သံစဉ်မသိသည့် တေးသွားများ၊ အနောက်တိုင်းတေးသွားလိုလို သံစုံတေးသီချင်းများဖြင့် ဟစ်ကြွေးသံများကိုလည်း ကြားနေရသည်။ သီဆိုသူတို့မှာ အနောက်တိုင်းဆန်ဆန်၊ အတို၊ အကျပ်၊ စကက်မျိုးစုံဖြင့် ခုန်လိုက်ပျံလိုက် ရှိနေကြသည်။

ဤကဲ့သို့ အတာကူးသည့် တန်ခူးလအခါတွင် လေရွက်ကျင်၊ ခွေလျက်စင်သည့် နွေရက်ခွင်သို့ရောက်ချိန် စိမ်းနုနုပုရစ်ဖူးတို့ကား ဖူးကွန့်ကိုက်စီနေချိန်၊ သရဖီ၊ အင်ကြင်း၊ ပိတောက်နှင့် ငုရွှေဝါတို့ကား မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်ကြသကဲ့သို့ ပန်းကံ့ကော်တို့၏ သင်းရနံ့ကလည်း ထုံကြိုင်နေချိန်၊ နွေအလှနှင့် အတာသင်္ကြန်၊ အတာသင်္ကြန်နှင့် မိန်းမလှ အလှတို့ အပြိုင်ကျဲကြပေဦးတော့မည်။

အလှတရားတို့ဖွံ့ဖြိုးစည်ပင်သောရာသီတွင် မြန်မာမိန်းကလေးတို့၏ အလှတရားတို့သည်လည်း အရိုးကိုအရွက်မဖုံးဘဲ သိမ်မွေ့နူးညံ့စွာ မြန်မာ့ရိုးရာဓလေ့ယဉ်ကျေးမှုနှင့်အညီ အလှတရားများရှိနေခြင်းသည်သာ ဂုဏ်ရှိတင့်တယ်လှပေသည်။

ဤသို့ လှပသောမိန်းမပျိုငယ်၊ ရွယ်သူတို့အားလုံးမှာ နှစ်သစ်ကူးချိန် အတာသဘင်၌ အလှတကာ့အလှဆုံးခြယ်သကာ ရေကစားလေ့ရှိခဲ့ကြသည်။ လူငယ်

မောင်မယ်တို့ကား တစ်ဦးကိုတစ်ဦး ယဉ်ကျေးပျူငှာစွာ ဆက်ဆံကြသည်။ အစဉ်ဖော်ပြထားသော သင်္ကြန်တေး၊ မြနန္ဒာသင်္ကြန်တေးများကို ကြည့်လျှင် မောင်ရင်းနှမသဖွယ် စိတ်ရင်းထားကာရေကစားကြပုံမှာ ပေါ်လွင်လှသည်။ ကျက်သရေရှိလှသည်။

မင်္ဂလာအချိန် သင်္ကြန်ခါတွင် မြန်မာလူငယ်မောင်မယ်အပေါင်းတို့သည် မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ပျက်စီးစေမည့် စရိုက်လက္ခဏာများကို ရှောင်သင့်ပါသည်။ မျိုးရိုးကို မပယ်၊ အမျိုးဂုဏ်ကို ကာကွယ်စောင့်ရှောက်ရပါမည်။ မြန်မာပီပီ ဝတ်ဆင်၍ ပျော်ကြစေလိုပါသည်။ ပျော်လျှင်ပျော်ပါ မမော်ပါနှင့်၊ ချစ်လျှင်ချစ်ပါ မညစ်ပါနှင့် ဖြစ်ပျက်နေသော အနိဋ္ဌာရုံများ၊ ဖြစ်ခဲ့ဖူးသော အနိဋ္ဌာရုံများကင်းရှင်းကာ သန့်စင်သော ရိုးရာဓလေ့ပွဲတော်ကြီးကို အမျိုးသား/သမီးတို့ ပျော်ရွှင်ဆင်နွှဲပါ၊ နောင်တစ်ခေတ်အတွက် တန်ဖိုးတက်မည့် မြန်မာများ အဖိုးမဖြတ်နိုင်၊ အမျိုးမြတ်နိုင်စေရန် မိမိတို့ဘဝကိုစောင့်ရှောက်ကြပါဟု နှစ်သစ်သင်္ကြန်မင်္ဂလာတွင် နှုတ်ခွန်းဆက်လိုက်ရပါသည်။

ခင်ဦး(ပုတီးကုန်း)

အားကစားမြှင့်တင် စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

မြစ်ဝကျွန်းပေါ်ဌာနခွဲသည် တစ်နှစ်လျှင် ရေယာဉ် အဝင်/အထွက် အစင်း ၉၇၀၀ ကျော်၊ ကုန်အဝင်/အထွက် တန်ချိန် ၃၅၀၀၀၀ ကျော် သယ်ယူပို့ဆောင်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ သဘောထားများ၊ တုံ့ပြန်မှုများကို အလေးထားရန်၊ ထို့ပြင် နေ့စဉ် လူတန်းစားအလွှာစုံနှင့် ဆက်ဆံနေရသော အဖွဲ့အစည်းဖြစ်၍ ပြည်သူလူထုအပေါ် နွေးနွေးထွေးထွေးဆက်ဆံရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တတ်နိုင်သမျှ အရှုံးမပေါ်စေရေးအတွက် အလေအလွင့်များ နည်းပါးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် စသည်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဧပြီ ၁၁ ရက်တွင် အလုံသင်္ဘောကျင်း ရောခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ် ဌာနခွဲသို့ ရောက်ရှိပြီး ရေယာဉ်ခရီးလမ်းများ ပြေးဆွဲနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲသည် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်တွင် တစ်နှစ်လျှင် ရေယာဉ် အဝင် ၄၈၅၃ စင်း၊ အထွက် ၄၈၅၁ စင်းဖြင့် အဝင်ကုန်တန်ချိန် ၁၇၅၁၉၅ တန်၊ အထွက်ကုန်တန်ချိန် ၁၇၈၈၅၀ နှင့် အဝင်ခရီးသည် ၅၇၁၁၈၉၃ ဦး၊ အထွက်ခရီးသည် ၇၀၇၆၂၆၃ ဦးတို့အား သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ ကူးတို့လမ်းများဖြစ်သည့် ရန်ကုန်-ဒလ (ကူးတို့လမ်း)တွင် ခရီးသည်ဦးရေ ၁၈၂ ဒသမ ၆၁၈ သိန်းကျော်နှင့် ဝါးတန်း-ဒလ (ယာဉ်ကူးတို့လမ်း)တွင် တန်ချိန် ၆ ဒသမ ၅၈ သိန်းကျော် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ၌ ရေယာဉ်များ ပြေးဆွဲနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်အတွက် စိုက်ပျိုးရေး ထွက်ကုန်

ရွှေဖီဦးလက်ဖက်လှိုင်လှိုင်ထွက် အမြို့မြို့မှ တပျော်တပါး ဆွတ်ခူး

ကျောက်မဲ ဧပြီ ၁၃

ယခုနှစ် တပေါင်း၊ တန်ခူး ရွှေဖီဦး လက်ဖက်ခူးချိန်တွင် ရွှေဖီလက်ဖက် ရွက်သစ်များ ဆွတ်ခူးရန်အတွက် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့မှ လက်ဖက်ခူးလုပ်သားများ၊ မိသားစု အလိုက်၊ အုပ်စုအလိုက် လက်ဖက်မြို့တော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့သို့ မော်တော်ယာဉ်များဖြင့် တသွယ်၊ မီးရထားဖြင့်တဖုံ ယခုရက်ပိုင်းများတွင် တဖွဲဖွဲ ရောက်ရှိလာကြသည်ကို တွေ့ရသည်။**(ယာပုံ)**

ယခုနှစ် ရွှေဖီလက်ဖက်ခူးချိန်တွင် ရွှေဖီလက်ဖက် ဆွတ်ခူးရန်အတွက် မန္တလေး၊ ရွှေဘို၊ မုံရွာ၊ ကျောက်ဆည်၊ ဒီပဲယင်း၊ စစ်ကိုင်း၊ သာစည်၊ ပခုက္ကူ၊ မြစ်ငယ် စသည့် အနယ်နယ်အရပ်ရပ်တို့မှ လက်ဖက်ခူး လုပ်သားကြီးများသည် ကျောက်မဲမြို့သို့ မော်တော်ယာဉ်များ၊ မီးရထားများဖြင့် အုပ်စုလိုက် မတ် ၂၄ ရက်မှ စတင်ပြီး ရောက်ရှိလာကြကာ ကျောက်မဲမြို့မှ တစ်ဆင့် လက်ဖက်ထွက်ရှိရာ တောင်ပေါ်ဒေသများ ဖြစ်ကြသော နမ့်ဆန်၊ ဇယန်း၊ ပန်ကွမ်၊ ကွမ်ဟင်၊ မြို့သစ်၊ တော့ဆန်၊ ပန်စံ စသည့် ဒေသများသို့ မော်တော်ယာဉ်များ၊ ထော်လာဂျီများဖြင့် ဆက်လက်ထွက်ခွာသွားကြပြီး ဒေသခံ ပလောင်၊ ရှမ်းတိုင်းရင်းသား မိသားစုများနှင့် ပူးပေါင်း၍ ရွှေဖီလက်ဖက် ရွက်သစ်များကို တပျော်တပါး ဆွတ်ခူးလျက် ရှိကြသည်။

ယခု ရွှေဖီအချိန်တွင် ရာသီဥတု ကောင်းမွန်ပြီး လက်ဖက်တောင်ပေါ်ဒေသများတွင် မိုးရွာသွန်းခဲ့သဖြင့် ရွှေဖီ ရွက်သစ် လက်ဖက်ညွန့်များ လှိုင်လှိုင်ထွက်လျက်ရှိပြီး ယခင်နှစ်များကထက် လက်ဖက်ထွက်အား ပိုမိုကောင်းမွန်နိုင်ကြောင်း သိရသည်။

ရွှေဖီလက်ဖက်ခူးစနစ်မှာ လက်ဖက်ခူးလုပ်သားနှင့် လက်ဖက်ခြံပိုင်ရှင်တို့သည် ဆွတ်ခူးရရှိလာသော လက်ဖက်ညွန့်ရွက်များကို လက်ဖက်ခူးလုပ်သားက လက်ဖက်ခြောက်ရရှိသည်အထိ ပြုလုပ်ပေးရပြီး ရရှိလာသော လက်ဖက်ခြောက်များကို ခြံပိုင်ရှင်နှင့် လက်ဖက်ခူးလုပ်သားတို့ တစ်ယောက်တစ်ဝက်စီ ခွဲဝေယူရသောစနစ် ဖြစ်သည်။

ယခုနှစ်ရွှေဖီရွက်သစ် လက်ဖက်ခြောက် ဈေးနှုန်းမှာ ယနေ့အချိန်တွင် တစ်ပိဿာ ငွေကျပ် ၈၀၀၀ ဖြစ်ပြီး ဈေးနှုန်းမှာ မတည်ငြိမ်သေးဘဲ အတက်အကျရှိသည်ဟု သိရသည်။ (၅၆၃)

အထွက်ကောင်းနေကြာ တိုးတက်စိုက်ပျိုး

ကလေး ဧပြီ ၁၃

ကလေးမြို့နယ်တွင် နေကြာစိုက်ပျိုးမှု အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ယခင်က တောင်သူများအနေဖြင့် နေကြာကို အနည်းငယ်သာ စိုက်ပျိုးခဲ့ရာမှ အထွက်မျိုးကောင်းဆင်းရွှေကြာ (၂)မျိုးကို စိုက်ပျိုးလာသည့်အတွက် ဆီထွက်နှုန်း ပိုမိုမြင့်တက်လာကြောင်း သိရှိရသည်။

ယင်းမြို့နယ်အနေဖြင့် နေကြာ ပိုမိုထွက်ရှိအောင် မျိုးကောင်းမျိုးသန့်ရွေးချယ်၍ စိုက်ပျိုးခြင်း၊ အတန်းလိုက် အကြားအလပ်မရှိ စိုက်ပျိုးခြင်း၊ စိုက်နည်းမှန်ကန်စွာ စိုက်ပျိုးကြသည့်အတွက် နေကြာအထွက် ပိုများလာခြင်းဖြစ်သည်။ ယခင်က ပဲအမျိုးမျိုးနှင့် သီးညှပ်စိုက်ပြီး ယခု စွန်တာပြာနှင့် သီးညှပ်စိုက်ပျိုးကြောင်း သိရှိရသည်။

နေကြာသည် ဆီထွက်သီးနှံများထဲတွင် စိုက်ပျိုးစရိတ် ကုန်ကျငွေ အနည်းဆုံးဖြစ်ပြီး အလုပ်သက်သာသော သီးနှံဖြစ်ခြင်းကြောင့် တောင်သူဦးကြီးများ ဝင်ငွေတိုးပွားအောင် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရိုးရာ သင်္ကြန်ခါ

* ရွက်ဟောင်းကြွေသက်၊ လေထက်ဝဲပျံ
ရွက်သစ်ငုံဖူး၊ တန်ခူးလချိန်ယံ
နွေဦးဂိမှာန်၊ သင်္ကြန်မြင်ကွင်း၊
ရက်လအစဉ်၊ ရွှေ့ရွှေ့နှင်
သို့လျှင် နှစ်သစ်ချဉ်းသည်နှင့်လေး။

* ရွှေရည်ဝင်းဝင်း၊ ရွှေဆင်းဖြာဖြာ
ရနံ့ထုံလွှ၊ မွှေးမြကြိုင်လှိုင်စွာ
ကြည့်လေသောခါ၊ သည်မှာဟိုဥ္စ
ပန်းပိတောက်တွေ၊ လန်းလန်းဝေ
ရွှေသဘင်တော်ဆိုက်သည်သို့လေး။

* အမွှေခံထိုက်၊ စရိုက်ခိုင်မာ
မိဘဘိုးဘွား၊ ဝပ်တွားကန်တော့ကာ
ဒါနအရာ၊ သဒ္ဓါဖြာလိုက်
ဘေးမဲ့ပေးကာ၊ ငါးလွှတ်ကာ
ပွဲတာသင်္ကြန်သိုက်မြိုက်သည်နှင့်လေး။

* ပွဲကြီးယင်ခိုက်၊ သည်းလိုက်ရင်ဖိုဖွယ်
သင်္ကြန်ဟူက၊ မြန်မာ့ရိုးရာနွယ်
ရေစင်သွန်းမယ်၊ ညွှန်းသွယ်နိမိတ်
ညစ်ကြေးရှိချေ၊ လျှောသက်ကြွေ
ညွှန်းစေမေတ္တာ ဖိတ်သည်နှင့်လေး။

* သည်နှယ်အရိပ်၊ အတိတ်ဆောင်ယူ
ရေသဘင်ပွဲ၊ ဆင်နွှဲ စိတ်ထားဖြူ
လှတံခွန်ထူ၊ ဟန်မူယဉ်ကျေး
တို့ပြည်မြန်မာ၊ နှစ်စဉ်သာ
မေတ္တာရေ့ဆောင် အေးသည်နှင့်လေး။

* နှစ်သစ်မြော်တွေး၊ ပျော်ရေးခဏတာ
လူသစ် စိတ်သစ်၊ ဘဝသစ်ဖြစ်စေရာ
ခရီးလမ်းမှာ၊ သူငါလက်တွဲ
လောကလူ့ဘောင်၊ လှပအောင်
ထမ်းဆောင်တူညီ မြဲစေဖို့လေး။

* မဟာဆန်ဆန်နွှဲ ရင်ထဲအလှကို ဖြစ်စေရည်။

* တာသင်္ကြန်ပွဲ အစဉ်အမြဲ ဘဝကိုသစ်စေမည်။

စိုးမြင့်သန်းမောင် (စာပေဗိမာန်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၁၁ (ကြာသပတေးနေ့)(မဟာသင်္ကြန်အကျနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်းတန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ ခါသင်္ကြန်အဆိုအကများ
- ၈:၁၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၂၅ ၇။ ခါသင်္ကြန်အဆိုအကများ
- ၈:၃၅ ၈။ International News
- ၈:၄၀ ၉။ ဆယ်စုနှစ်က ခါသင်္ကြန်(ဝင်းဦး)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ခါသင်္ကြန်အဆိုအကများ
- ၄:၂၀ ၃။ ခါသင်္ကြန်အဆိုအကများ
- ၄:၅၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၃၀ ၇။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅:၄၀ ၈။ ခါသင်္ကြန်အဆိုအကများ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
- ၆:၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၃။ ရောင်စုံရေးသီတေးပန်းချီ
- ၇:၁၅ ၁၄။ ခါသင်္ကြန်အဆိုအကများ
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "အစာလည်းဆေး၊ ဆေးလည်းအစာ"
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "သူများပြောတိုင်းတို့မယုံ" (လွင်မိုး၊ ခိုင်သင်းကြည်) [ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)]**
- ၂၀။ အစီအစဉ်ပြီး၏။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သင်္ကြန်အဝိဇ္ဇာန်

◆ သင်းထုံပျံ့ပျံ့၊ ရင်ဝယ်နှံ့မျှ
မွှေးနံ့ကြိုင်လှိုင်၊ အပြိုင်ဖျန်းပက်
သပြေခက်နှင့် ရွှေလက်ပိုင်ရှင်
မျိုးဂုဏ်အင်ကို၊ အစဉ်တည့်မတ်
မမေ့အပ်သော သင်္ကြန်ခါ။

◆ မွှေးလည်းမွှေး၍၊ အေးလည်းအေးကာ
ရေသီတာမြ၊ တစ်စက်ကျလျှင်
လောဘဒေါသ၊ မောဟကင်းဝေး
အညစ်ကြေးကို၊ ဆေးကြောပါမှ
ဘဝမှုမှန်၊ အခြေခံမည့်
သင်္ကြန်အလှ၊ ရုပ်လုံးကြွ၍
မြန်မာ့သင်္ကြန်ပီစေအံ့။

◆ သဒ္ဒါဖြိုးကြွ၊ ခါသမယတည့်
လှူကြတမ်းကြ၊ မြတ်ဒါနနှင့်
လောကကျိုးပြု၊ ယဉ်ကျေးမှုနှင့်
ကောင်းမှုစဉ်လာ၊ ထိန်းသိမ်းကာလျှင်
မြန်မာပီသကြပါစေ။
မြန်မာ့သင်္ကြန်လှပါစေ။ ။

မောင်ရည်တင့်(မအူပင်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနား၌ သင်္ကြန်ယိမ်းအကအဖွဲ့ဝင်များအား အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

မြဝတီခရိုင် မြဝတီမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီက ဘုရင့်နောင်လမ်း ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တာဝန်ရှိသူများနှင့် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၅၇၀)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ဗဟိုမဏ္ဍပ်ဖွင့်ပွဲများ စစ်တွေမြို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၁၃

၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ အခမ်းအနားကို ယနေ့ သင်္ကြန်အကြိုနေ့ နံနက် ၇ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး ဒေါ်နုနုဖုံ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်/ခရိုင် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာ နှံ့သာသွေးပြိုင်ပွဲဝင် အသင်း ၄၁ သင်းတို့မှ နှံ့သာသွေးအသင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရွေးဦးစွာ နှံ့သာသွေးပြိုင်ပွဲဝင်အသင်း ၄၁ သင်းမှ အကောင်းဆုံး ၁၀ သင်းကို စိစစ်ရွေးချယ်ပြီး ပွဲစဉ်နှစ်ခု သတ်မှတ်၍ ဆက်လက်ယှဉ်ပြိုင်ကြသည်။

ပူဇော်

ထို့နောက် ဘုရားရေသပ္ပာယ်ပွဲကို နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ရှိ အတုလမာရ်ဇိန် ပြည်လုံးချမ်းသာဘုရားကြီး သိမ်တော်၌ ကျင်းပရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြကာ အတုလမာရ်ဇိန် ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဆင်းတုတော်များအား အမွှေးနံ့သာရေစင်တို့ဖြင့် ဘုရားရေသပ္ပာယ် ပူဇော်ကြသည်။

တက်ရောက်

ယင်းနောက် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ရှိ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်/ခရိုင် ဌာနဆိုင်ရာများ၊ သင်္ကြန်ယိမ်းအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မြန်မာ့ရိုးရာ ရေသဘင်ပွဲ ဖွင့်ပွဲအခမ်း အနားကို ဧပြီ ၁၃ ရက် နံနက် ၈ နာရီက မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး၊ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ၊ မြို့မိ မြို့ဖ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၅၇၂)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

ကိုရီးယားပေါ့ဂီတကို ပြည်ပသို့ထိုးဖောက်ရန် ပူးပေါင်းလာသည့် ကိုရီးယားပေါ့ဂီတအဖွဲ့များ

ဆိုးလ် ဧပြီ ၁၃

ကိုရီးယားစူပါစတား ဘေယောင်ဂျွန်း၏ KEYEAST ဖျော်ဖြေရေး အဖွဲ့သည် ၎င်း၏ မိတ်ဖက်ဖျော်ဖြေရေးအဖွဲ့ ငါးဖွဲ့နှင့် ပူပေါင်း၍ United Asia Management (UAM) ကုမ္ပဏီသစ်ကိုထူထောင်ကာ ကိုရီးယားပေါ့ဂီတကို ပြည်ပသို့ ထိုးဖောက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကိုရီးယားသတင်းစာများက ရေးသားဖော်ပြကြသည်။

KEYEAST ဖျော်ဖြေရေးအဖွဲ့၏ မိတ်ဖက်ဖျော်ဖြေရေးအဖွဲ့ ငါးဖွဲ့မှာ MEnt၊ Star J၊ SM၊ YG နှင့် JYP တို့ဖြစ်ကြသည်။

မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုမှာ ကိုရီးယားအနုပညာဖျော်ဖြေရေးလုပ်ငန်းများ အဆင့်အတန်း တိုးမြင့်လာစေရန်အတွက်သာမဟုတ်ဘဲ အာရှအနုပညာဖျော်ဖြေရေး လုပ်ငန်းများအဆင့်အတန်း တိုးမြင့်လာစေရန်အတွက်ပါ ရည်ရွယ်ကြောင်းKEYEAST ဖျော်ဖြေရေးအဖွဲ့အမှုဆောင်အရာရှိချုပ် ယန်ဂျန်ဟွန်က ပြောကြားသည်။

ထင်ရှားကျော်ကြားသည့် ကိုရီးယားပေါ့ဂီတအဖွဲ့များဖြစ်သည့် Rain, Big Bang, Kim Hyun Joong, Super Junior, Girl's Generation နှင့်Wonder Girls အဖွဲ့များသည် ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးအမြတ်များကို ခံစားရမည်ဖြစ်သည်။ ယင်းအဖွဲ့များအားလုံး အေဂျင်စီတစ်ခုတည်း၏ စီမံခန့်ခွဲမှုအောက်တွင် ရှိမည်ဖြစ်ပြီး ၎င်းတို့၏ဖျော်ဖြေရေးလုပ်ငန်းများလည်း ကိုရီးယားပြင်ပ အာရှတစ်ခွင်တွင် ပိုမိုမြင့်တင်နိုင်မည်ဖြစ်သည်။

KEYEAST ဖျော်ဖြေရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ ထုတ်ပြန်ချက်အရ UAM အနေဖြင့် ဖျော်ဖြေရေးအဖွဲ့ဝင်သရုပ်ဆောင်များ၏ နိုင်ငံတကာ မူပိုင်ခွင့်နှင့် မီဒီယာထုတ်လုပ်မှုစနစ်သစ်များ၊ ရုပ်ရှင်များနှင့် အခြားမီဒီယာစီမံကိန်းများကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်သည်။

အင်တာနက်။

UAM ကုမ္ပဏီတွင်ပါဝင်သော Wonder Girls အဖွဲ့မှ အဖွဲ့ဝင်များ။

ဂျက်စတင်ဘီဘာနှင့် ဆီလီနာဂိုမက်ဇ်တို့နှစ်ဦး ချစ်သူများအဖြစ်ရှိနေဆဲ

နယူးယောက် ဧပြီ ၁၃

ဂျက်စတင်ဘီဘာနှင့် ဆီလီနာဂိုမက်ဇ် တို့ချစ်သူနှစ်ဦး လမ်းခွဲလိုက်ပြီဆိုသော သတင်းများမှာ ကောလာဟလသာဖြစ်ကြောင်း၊ ဟောလီးဝုဒ်၏ အထင်ရှားဆုံး စုံတွဲဖြစ်သည့် ၎င်းတို့နှစ်ဦးမှာ ချစ်သူများ အဖြစ်ရှိနေဆဲဖြစ်ကြောင်း၊ ဘီဘာ၏ ဆီလီနာအပေါ်ထားရှိသည့် အချစ်များမှာ ပြောင်းလဲမသွားသေးကြောင်း အတင်းအဖျင်း သတင်းစာများက ရေးသားဖော်ပြသည်။

ကောလာဟလသတင်းများ၏အဆိုအရ ဘီဘာနှင့် လမ်းခွဲလိုက်ရသည့်အတွက် ဆီလီနာတစ်ယောက် အသဲကွဲဝေဒနာ ခံစားနေရပြီဖြစ်ကြောင်း၊ ဘီဘာနှင့် ပြန်လည်သင့်မြတ်ရန် မျှော်လင့်ချက်ဖြင့် သူမ၏ နှလုံးသားတံခါးဖွင့်လှစ်ထားပါကြောင်း စသည်ဖြင့် ရေးသားဖော်ပြကြသည်။

၎င်းတို့နှစ်ဦး၏ ချစ်မေတ္တာနှောင်ကြိုးများက ခိုင်မြဲနေဆဲဖြစ်ကြောင်းနှင့် ယခု လောလောဆယ် အခိုက်အတန့် ခွဲခွာနေရခြင်းသာဖြစ်ကြောင်း၊ ဘီဘာမှာ ဥရောပတစ်ခွင် လှည့်လည်ဖျော်ဖြေနေရပြီး ဆီလီနာမှာ မေလအတွင်း သွားရောက်မည့် သူမ၏ကိုယ်ပိုင်ခရီးစဉ်အတွက် ပြင်ဆင်နေရကြောင်း အတင်းအဖျင်းသတင်းစာများက ရေးသားဖော်ပြသည်။

အင်တာနက်။

ကိုယ်ပိုင်လွတ်လပ်မှုကို ပြန်တမ်းတနေသည့် ရိုဆီဝစ်သာစပွန်း

နယူးယောက် ဧပြီ ၁၃

အော်စကာဆုရှင် မင်းသမီးချော ရိုဆီဝစ်သာစပွန်းက မိမိ၏ ကိုယ်ပိုင်လွတ်လပ်မှုဘဝ ပျောက်ဆုံးနေပြီဟု ခံစားနေရကြောင်း၊ တစ်ခါတစ်ရံတွင် အပြင်ကိုမသွားချင်၍ ကားထဲမှာ ထိုင်ငိုနေရသည့်ဟုဆိုသည်။

ကိုယ့်ဘဝကိုယ်မပိုင် ပရိသတ်ကသာ ပိုင်သော်လည်း အနုပညာသည်ဘဝကို မည်သည့်အရာနှင့်မျှ လဲမည်မဟုတ်ကြောင်း သူမကဆိုသည်။ သူမ ဆုံးရှုံးခဲ့ရသည်များရှိသကဲ့သို့ ဘဝအတွေ့အကြုံများလည်းအမြောက်အမြားရရှိခဲ့ကြောင်း အပေါင်းအသင်းမိတ်ဆွေများက ပုဂ္ဂိုလ်ရေးအရကူညီ စောင့်မကြခြင်းကို ဝမ်းသာ ကြည်နူးမိကြောင်း အသက်(၃၅)နှစ်ရှိပြီဖြစ်သည့် ဝစ်သာစပွန်းက ပြောကြားသည်။

အော်စကာဆုရှင် မင်းသမီးချော ရိုဆီဝစ်သာစပွန်း။

သူမနောက်ဆုံး ရိုက်ကူးခဲ့သော ရုပ်ရှင်ကားမှာ Warter for Elephants ဇာတ်ကားဖြစ်ပြီး ဧပြီ ၂၂ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။ အရောင်းရဆုံး စာရင်းဝင်ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် ယင်းဇာတ်ကားတွင် ဝစ်သာစပွန်းက အသက်ရှင်သန်ရေးအတွက် ဘာမဆိုလုပ်လိုသူ ဆပ်ကပ်မယ်အဖြစ် သရုပ်ဆောင်ထားပြီး ရောဘတ်ပတ်တင်ဆန်က သူမစိတ်ဝင်စားသူအဖြစ်တွဲဖက် သရုပ်ဆောင်ထားသည်။***အင်တာနက်။***

အောဝမ်းစိုး

နေပြည်တော်တစ်ခွင် မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲတော် အဆို၊ အက ပျော်ပြေတင်ဆက်ပွဲများဖြင့် အေးချမ်းပျော်ရွှင် လန်းဆန်းစွာ ဆင်နွှဲ

နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေသံလွင်မိသားစုကုမ္ပဏီ၏ ရွှေညော့်သည်ဟိုတယ် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

◆ ကျောဖုံးမှ

လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့အတူ အိုအေစစ်ဟိုတယ် မဟာသင်္ကြန် ရေကစားမဏ္ဍပ်၌ ပလေးဘွိုင်း သန်းနိုင် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့ဝင်များက လည်းကောင်း၊ မက်(စ်)မြန်မာကုမ္ပဏီအုပ်စု၏ တော်ဝင်ကုမုဒြာဟိုတယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ ဒီဘလိတ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက လည်းကောင်း၊ ငွေဆင်ကုမ္ပဏီလီမိတက်၏ ရွှေမြန်မာဟိုတယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ The Green တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက လည်းကောင်း၊ ရွှေသံလွင်မိသားစုကုမ္ပဏီ၏ ရွှေညော့်သည်ဟိုတယ် မဟာသင်္ကြန်မိသားစု ရေသဘင်မဏ္ဍပ်၌ DM-4 တေးဂီတအဖွဲ့နှင့်အတူ ရန်အောင်၊ ရဲအောင်၊ နေအောင်၊ ဘိုဖြူ၊ ချစ်ကောင်း၊ သားစိုးနှင့် ရုပ်ရှင်ဂီတအနုပညာရှင်များက ယိမ်းအဖွဲ့များနှင့် တွဲဖက်၍ လည်းကောင်း၊ အမရဟိုတယ် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ရုပ်ရှင်ဂီတအနုပညာရှင်များက ယိမ်းအဖွဲ့များနှင့် တွဲဖက်၍ လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြသည်။

အလားတူ နေပြည်တော်ခရိုင် မြို့နယ်များရှိ မြို့နယ်၊ ရပ်ကွက် မဟာသင်္ကြန်မဏ္ဍပ်များ၌ ရေသဘင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မဟာသင်္ကြန် ပွဲတော်ကာလတစ်လျှောက်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရုပ်ရှင်ဂီတ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော် ဟိုတယ်ဇုန်ရှိ မက်(စ်)မြန်မာကုမ္ပဏီအုပ်စု၏ တော်ဝင်ကုမုဒြာဟိုတယ် ရေသဘင် မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

ဒီဘလိတ်တေးဂီတအဖွဲ့နှင့်အတူ ရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် မက်(စ်)မြန်မာကုမ္ပဏီအုပ်စု၏ တော်ဝင်ကုမုဒြာဟိုတယ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်။

(ယာပုံနှင့် ဝဲပုံ)

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ် မိသားစု ရေကစားမဏ္ဍပ်တွင် ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (အောက်ပုံ)



နေပြည်တော်မှာ ရွှေပြည်တော် ဟိုတယ်ရှိတယ်ဆိုတာ သိစေချင်တာပါ။ ဒီနှစ်သင်္ကြန်ကို မရွှီမလှိုင်းတေးဂီတအဖွဲ့နဲ့အတူ စည်စည်ကားကား ဆင်နွှဲသွားမှာပါ။

ဦးသိန်းထွေး
(အထွေထွေမန်နေဂျာ၊ ရွှေပြည်တော်ဟိုတယ်)

နေပြည်တော် သင်္ကြန်ကို ပထမဆုံး လာရောက်ဖျော်ဖြေတာပါ။ သင်္ကြန်လေးရက်လုံး နေပြည်တော်မှာ ရှိနေမှာပါ။

ချစ်စနိုးဦး
(ရုပ်ရှင်သရုပ်ဆောင်)



နေပြည်တော် ဟိုတယ်ဇုန်ရှိ အိုအေစစ်ဟိုတယ် ရေသဘင်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)



တစ်လျှောက်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ နေ့စဉ် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရုပ်ရှင်ဂီတ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်မဟာသင်္ကြန် ရေသဘင်ပွဲတော်မှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုစည်ကားလျက်ရှိရာ မဟာသင်္ကြန်အကြိုနေ့က နေပြည်တော်ဟိုတယ်ဇုန် လမ်းတစ်လျှောက် ရေပက်ခံကားများ၊ ရေကစားမဏ္ဍပ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော်မှာ ရွှေပြည်တော် ဟိုတယ်ရှိတယ်ဆိုတာ သိစေချင်တာပါ။ ဒီနှစ်သင်္ကြန်ကို မဖြိုမလှိုင်းတေးဂီတ အဖွဲ့နဲ့အတူ စည်စည်ကားကား ဆင်နွှဲသွားမှာပါ။

ဦးသိန်းထွေး
(အထွေထွေမန်နေဂျာ၊ ရွှေပြည်တော်ဟိုတယ်)

သင်္ကြန်ကာလ လေးရက်လုံး ရွှေပြည်တော်ဟိုတယ် မိသားစု ရေကစားမဏ္ဍပ်မှာ ဖျော်ဖြေသွားမှာပါ။

နန်းဆုရတီစိုး
(ရုပ်ရှင်သရုပ်ဆောင်)

နေပြည်တော်သင်္ကြန်မှာ သူတို့တွေ ရှိနေမယ်

ရွှေသံလွင်ကုမ္ပဏီမိသားစု၏ SKY NET ရေကစားမဏ္ဍပ်တွင် DM-4 တေးဂီတအဖွဲ့နှင့်အတူ သားစိုး၊ ရန်အောင်၊ ရဲအောင်၊ နေအောင်၊ မေသန်းနု၊ ဇူးဇူးမောင်၊ ပပဝင်းခင်၊ ဖိုးသောကြာ၊ ကျော်ရှိန်း၊ မေသူ၊ ချစ်ကောင်း၊ ဘိုဖြူတို့ ဖျော်ဖြေကြမည်။

တာလေမြို့နယ်ခွဲ ငလျင်ဒဏ်ခံပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ငလျင်ဒဏ်သင့်ပြည်သူလူထုအား တွေ့ဆုံ၍ အိုးအိမ်ပြန်လည်တည်ဆောက်ရေးကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၁၃

မတ် ၂၄ ရက်က ရှမ်းပြည်နယ် တာလေမြို့နယ်ခွဲ၌ လှုပ်ခတ်သွားခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်တည်ဆောက်ရေးအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် အဖွဲ့ဝင်များဖြစ်ကြသော ရှမ်းပြည်နယ် ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်၊ လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်၊ လားဟူတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးရှာမွေလရှဲန်တို့နှင့်အတူ ဧပြီ ၆ ရက်မှ ၉ ရက်အထိ တာလေမြို့၊ မိုင်းလင်းအရှေ့၊ အနောက်ကျေးရွာအုပ်စုနှင့် ကျကူနီကျေးရွာတို့သို့ သွားရောက်၍ ငလျင်ဒဏ်ခံပြည်သူများ၏ အိုးအိမ်များပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ကူညီပံ့ပိုးထောက်ပံ့ပေးမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော ကျကူနီရွာအား ရပ်ရွာလူထု၏ လိုလားချက်အရ လက်ရှိနေရာမှ နေရာသစ်သို့ ပြောင်းရွှေ့၍ ရွာသစ်တည်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက စနစ်တကျ အကွက်ချပေးနိုင်ရေး၊ စာသင်ကျောင်း၊ ကစားကွင်း၊ ဘုရားရှိခိုးကျောင်းစသည့် ကျေးရွာတစ်ရွာတွင် ရှိသင့်သည့် အများပြည်သူသုံး မြေကွက်များမှအစ အကောင်အထည်ဖော်နိုင်ရေး စီမံပေးခဲ့သည်။ အဆိုပါ ရွာသစ်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြေထိုးစက်ဖြင့် လမ်းကြောင်းဖော်ပေးခြင်း၊ ရပ်ရွာအတွင်း လမ်းများဖောက်လုပ်ပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြိုပျက်သွားသော တာလေမြို့နယ်ခွဲ ပြည်သူ့ဆေးရုံကို အသစ်ပြန်လည်တည်ဆောက်ဆဲကာလတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း ၇၀ တန် ယာယီဆေးရုံတစ်ရုံ တည်ဆောက်ရန် စီမံပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးထားသော အဆိုပါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီသည် ငလျင်ဒဏ်ခံပြည်သူလူထု၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ငလျင်ဒဏ်ခံပြည်သူများ၏ အိုးအိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ကူညီပံ့ပိုးထောက်ပံ့ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့၌ မတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဘေးဒဏ်ကြောင့် အဆိုးရွားဆုံးပျက်စီးဆုံးရှုံးခဲ့ရသော အိမ်ထောင်စုဝင် နေအိမ်များအတွက် AIR KBZ လေကြောင်းလိုင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဝန်ထမ်းများက လှူဒါန်းသော အိမ်ထောင်စုဝင် ၅၄ စုအတွက် ဘိလပ်မြေအိတ် ၅၄၀၀ နှင့် သွပ်အချပ် ၅၄၀၀ တို့ကို ဧပြီ ၆ ရက် နံနက်ပိုင်းက တာလေမြို့ကယ်ဆယ်ရေးစခန်း၌ AIR KBZ လေကြောင်းလိုင်း တာဝန်ရှိသူဝန်ထမ်းများက ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သော တာလေမြို့ အထက်တန်းကျောင်းဆောင်များ တည်ဆောက်ရေးလုပ်ငန်းစတင်

တာချီလိတ် ဧပြီ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့၌ မတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ခန်းမဆောင်တစ်ဆောင်နှင့် စာသင်ဆောင်တစ်ဆောင် ပြိုကျပျက်စီးပြီး စာသင်ဆောင် တစ်ဆောင်မှာ အမိုးအကာများ ပျက်စီးခဲ့သည်။ အဆိုပါ ပျက်စီးသွားသော ကျောင်းဆောင်များ ကျောင်းဖွင့်ရာသီအမီ ပြီးစီးရေးအတွက် ပြန်လည်စတင်တည်ဆောက်လျက်ရှိရာ ဧပြီ ၁၂ ရက်အထိ ပေ ၁၈၀ ×ပေ ၃၀ စာသင်ဆောင်နှစ်ဆောင်နှင့် ပေ ၁၂၀ × ပေ ၃၀ အဆောင်တစ်ဆောင်တို့ သံချည်သံကွေးတိုင်များ ထူပြီးဖြစ်သည်။

အလားတူ ပြည်သူ့ဆေးရုံ ပြန်လည်တည်ဆောက်ရေးအတွက် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ယခုရက်အတွင်း ပန္နက်တင် အုတ်မြစ်ချမည်ဟု သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၃၀ ၅။ ဓမ္မပူဇာတေး
၇း၃၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာ့ရှုခင်း
၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ ခါသကြ်န်အဆိုအကများ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ ဦးတည်ချက်(၁၂)ရပ်
၈း၁၃ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၈။ မွေးမြူသုတ
၄း၅၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၁၀။ အားလုံးရဲ့တာဝန်
၅း၁၀ ၁၁။ ခါသကြ်န်အဆိုအကများ
၅း၃၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၅၆)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၁၃)
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၁၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဦးတည်ချက်(၁၂)ရပ်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၀)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

အင်တာနက် သိပ္ပံနည်းပညာသတင်း အင်တာနက် သိပ္ပံနည်းပညာသတင်း

မြေခဥက္ကာခဲတစ်ခုအတွင်း ဓာတ်သတ္တုသစ် လေ့လာတွေ့ရှိ

ဘာသာပြန်-သတင်းလုလင်

ဟူစတန် ဧပြီ ၁၃

၁၉၆၉ ခုနှစ်ဒီဇင်ဘာလက အန္တာတိကတိုက်၌ ရှာဖွေတွေ့ရှိခဲ့သော မြေခဥက္ကာခဲများအနက် ဥက္ကာခဲတစ်ခုအတွင်း ဓာတ်သတ္တုသစ်တစ်မျိုးကို လေ့လာတွေ့ရှိရကြောင်း အမေရိကန်လေကြောင်း အာကာသအေဂျင်စီ (နာဆာ)၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

တောင်ဝင်ရိုးစွန်းဒေသမှ ရှာဖွေတွေ့ရှိခဲ့ရသော မြေခဥက္ကာခဲများသည် နေစကြာဝဠာ၏ သမိုင်းကြောင်းကို လေ့လာရာတွင် အရေးပါမည့် အထောက်အထားများဖြစ်ကြောင်း၊ ယင်းဥက္ကာခဲများအနက် Yamato 69 ဟု အမည်ပေးထားသော ဥက္ကာခဲတွင် ဓာတ်သတ္တုအသစ်တစ်မျိုး ပါဝင်နေကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

ဓာတ်သတ္တုအသစ်တစ်မျိုးပါရှိသော မြေခဥက္ကာခဲသည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်အကြားရှိ ဂြိုဟ်ပတ်လမ်းအတိုင်း လှည့်ပတ်နေခဲ့သော ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်လုံးမှ ပဲ့ကျခဲ့သည့် အစိတ်အပိုင်းဖြစ်နိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆရသည်။

မြေခဥက္ကာခဲအတွင်း ရှာဖွေတွေ့ရှိရသော ဓာတ်သတ္တုသစ်ကို Wassonite ဟု အမည်တပ်ထားသည်။

အဆိုပါ ဓာတ်သတ္တုသစ်ကို အန္တာတိကဒေသမှ တွေ့ရှိခဲ့ရသော ဥက္ကာခဲများအနက် အရွယ်အစားအသေးငယ်ဆုံး ဥက္ကာခဲတစ်ခုအတွင်း လေ့လာတွေ့ရှိခဲ့သည်။

နိုင်ငံတကာ ဓာတ်သတ္တုပညာရှင်များအသင်းက တရားဝင်အတည်ပြုထားသော ဓာတ်သတ္တုများစာရင်းတွင် ယင်းဓာတ်သတ္တုအသစ်ကို ထည့်သွင်းမည်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် နာဆာ အာကာသသိပ္ပံပညာရှင် ကီကိုနာကာမူယာ ဝက်ဆင်းဂျားက ပြောကြားသည်။

Wassonite ဓာတ်သတ္တုသစ်သည် ဆာလ်ဖာနှင့် တိုက်တေနီယမ်ဟူသော ဒြပ်စင်နှစ်မျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်ဆို၏။ ယင်းဓာတ်သတ္တုသစ်၏ ထူးခြားချက်မှာ ပုံဆောင်ခဲအဖြစ်တည်ရှိပြီး သက်တမ်းနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံရှိ မြေခဥက္ကာခဲ နမူနာမှ ရှာဖွေတွေ့ရှိခဲ့သည်။ ***အင်တာနက်။***

ဓာတ်သတ္တုအသစ် ပါရှိသော ဥက္ကာခဲကို သုတေသီတစ်ဦး လေ့လာနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မန်ယူနှင့်ဘာစီလိုနာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ပြီ

လန်ဒန် ဧပြီ ၁၃

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ မန်ယူနှင့်ဘာစီလိုနာတို့ နိုင်ပွဲအသီးသီးရရှိပြီး အကြိုဗိုလ်လုပွဲအဆင့်ကို တက်သွားပြီဖြစ်သည်။

မန်ယူ ၂-၁ ချယ်လ်ဆီး

(နှစ်ကျော့ပေါင်း ၃-၁)

အိုးထရက်ဖို့ဒ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့်ချယ်လ်ဆီးတို့ပွဲတွင် အိမ်ရှင်မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရသွားသည်။ မန်ယူအသင်းတွင် ဗန်ဒါဆား၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ အိုရှီးယား၊ ဂစ်၊ ပက်ဂျီဆန်၊ မိုက်ကယ်ကာရစ်၊ နာနီ(ဗလင်စီယာ-၇၅)၊ ဝိန်းရွန်နေးနှင့် ဟာနန်ဒက်ဇ်တို့ ပါဝင်ကစားခဲ့ပြီး ချယ်လ်ဆီးတွင် ပီတာချက်၊ အီဗန်နိုဗစ်၊ အက်ရှ်လေကိုး၊ ဂွန်တယ်ရီ၊ အဲလ်လက်စ် (ဖာရဲရား-၈၂)၊ အက်ဆီယံ၊ ရာမီရစ်၊ လမ်းပတ်၊ မာလူဒါ၊ ဖာနန်ဒိုတောရက်စ်(ဒရော့ဘာ-၄၆) နှင့် အနယ်လ်ကာ (ကာလူး-၆၁)တို့ ပါဝင်ကစားခဲ့သည်။

ယခုပွဲတွင် မန်ယူအသင်း၏ ဘောလုံးပိုင်ဆိုင်မှုမှာ ၅၅ ရာခိုင်နှုန်းရှိခဲ့သည်။ မန်ယူအတွက် ဂိုးများကို ပွဲချိန် ၄၃ မိနစ်တွင် ဟာနန်ဒက်ဇ်နှင့် ၇၇ မိနစ်တွင် ပက်ဂျီဆန်တို့က သွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် ဒရော့ဘာက သွင်းယူခဲ့သည်။ ပွဲချိန် မိနစ် ၇၀ တွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ရာမီရစ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံရသည်။ ဤပွဲကို ပရိသတ် ၇၅၀၀၀ လာရောက်ကြည့်ရှုခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲ အနိုင်ရလိုက်ခြင်းကြောင့် နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

ရှက်တာဒိုးနက် ၀-၁ ဘာစီလိုနာ

(နှစ်ကျော့ပေါင်း ၁-၆)

ယူကရိန်းမြေ အရီနာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ရှက်တာဒိုးနက်နှင့် ဘာစီလိုနာတို့ပွဲတွင် ဧည့်သည် ဘာစီလိုနာက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရသွားသည်။

ဘာစီလိုနာအသင်းသည် ပထမအကျော့က ဂိုးပြတ်အနိုင်ရထားသော်လည်း ယခုပွဲတွင် လူစုံထုတ်သုံးလာခဲ့သည်။ ထို့ကြောင့် ဂျက်ဆင်၊ ဝီလျံ၊ ကိုဘင်၊ ကော့စတာတို့ပါဝင်လာသည့် ရှက်တာဒိုးနက်သည် ဇာဗီ၊ မာရှေယာနို၊ ကီတာနှင့် ဘတ်ကွက်စ်တို့၏ ကွင်းလယ်အားကို မယှဉ်နိုင်ခဲ့သည့်အပြင် ဒေးဗစ်ဗီလာနှင့်မက်ဆီတို့၏ တိုက်စစ်အတွဲကိုလည်း ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပေ။ ယခုပွဲတွင် ဘာစီလိုနာအသင်းဘောလုံးပိုင်ဆိုင်မှု ၆၇ ရာခိုင်နှုန်းထိ အသာစီးရရှိခဲ့သည်။

ဘာစီလိုနာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း ပွဲချိန် ၄၃ မိနစ်တွင် မက်ဆီက သွင်းယူခဲ့သည်။ ဘာစီလိုနာအသင်းသည် နှစ်ကျော့ပေါင်း ခြောက်ဂိုး- တစ်ဂိုးဖြင့် ရှက်တာဒိုးနက်ကို အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

အင်တာနက်။

ချယ်လ်ဆီးဘက်သို့ ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည့် ဟာနန်ဒက်ဇ်၊ ပက်ဂျီဆန်နှင့် ဝိန်းရွန်နေး။

မန်ယူအသင်း ဖလားသုံးလုံးလမ်းကြောင်းပေါ်ရောက်လာ ၁၉၉၉ အိပ်မက်ကို ပြန်လည်ရှင်သန်ခွင့်ရ

မန်ချက်စတာ ဧပြီ ၁၃

၂၀၁၀-၂၀၁၁ ဘောလုံးရာသီကုန်ဆုံးရန် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ အင်္ဂလိပ်ပရီမီယာလိဂ်မှာ ပြီးဆုံးရန် နောက်ထပ်ခြောက်ပွဲသာလိုတော့သည်။ ထို့အတူ ဥရောပ၏ အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အကြိုဗိုလ်လုပွဲအဆင့်ရောက်ရှိနေပြီဖြစ်သလို အင်္ဂလန်၏သက်တမ်းရင့်ပြိုင်ပွဲတစ်ခုဖြစ်သည့် အက်ဖ်အေဖလားပြိုင်ပွဲသည်လည်း အကြိုဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ လက်ရှိအချိန်တွင် မန်ယူအသင်းမှာ ထိုဖလားသုံးလုံးလမ်းကြောင်းပေါ်သို့ ရောက်လာခဲ့ပြီဖြစ်ခြင်းကြောင့် ဖလားသုံးလုံးတစ်ပြိုင်တည်းရခဲ့သည့် ၁၉၉၉ အိပ်မက်ကို ဖာဂူဆန်အနေဖြင့် ပြန်လည်မက်ခွင့်ရရှိတော့မည်ဖြစ်သည်။

မန်ယူနှင့်ပရီမီယာလိဂ်ဖလား

မန်ယူအသင်းသည် ရာသီအစမှာပင် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့ခဲ့ရသည်။ သို့သော် နည်းပြဖာဂူဆန်၏ ဗျူဟာအောက်တွင် ရလဒ်များကောင်းအောင် ရုန်းထနိုင်ခဲ့သည်။ ထို့ကြောင့် လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၃၂) အပြီးတွင် ပွဲ ၂၀ နိုင်၊ ကိုးပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၆၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ကာ ဒုတိယနေရာက တစ်ပွဲလျော့နေသည့် အာဆင်နယ်ကို ခုနစ်မှတ်တိတိ ဖြတ်ထားနိုင်သည်။ မေ ၁ ရက်(တနင်္ဂနွေနေ့)တွင် အမ်းမရိတ်၌ ပွဲစဉ်(၃၅) အဖြစ် အာဆင်နယ်နှင့် မန်ယူ ထိပ်တိုက်တွေ့ဆုံမှုက မန်ယူအတွက် ဆုဖလားရ၊ မရ အဆုံးအဖြတ်ပေးလာမည်ဖြစ်သည်။

ယခုနှစ်ရာသီတွင် မန်ယူအသင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ပါက အင်္ဂလန်အမှတ်ပေးဖလားကို (၁၉)ကြိမ်မြောက်ကိုင်မြှောက်ပြီး အင်္ဂလန်နိုင်ငံ၏ အအောင်မြင်ဆုံးအသင်းအဖြစ် ပြိုင်ဘက်ကင်းစွာရပ်တည်နိုင်တော့မည်ဖြစ်သည်။ ထိုသို့ဖြစ်လာရန်မှာလည်း ၈၀ ရာခိုင်နှုန်းနီးစပ်နေပြီဟု ဆိုရမည်ဖြစ်သည်။

မန်ယူနှင့်အက်ဖ်အေဖလား

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲများကို လာမည့် ဧပြီ ၁၆ ရက်(စနေနေ့)နှင့် ၁၇ ရက်(တနင်္ဂနွေနေ့)တို့တွင် အင်္ဂလန်နိုင်ငံ၏ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားတော့မည်ဖြစ်သည်။

ပထမပွဲစဉ်အဖြစ် ဧပြီ ၁၆ ရက်(စနေနေ့)တွင် မန်စီးတီးနှင့် မန်ယူတို့ကို ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် ဧပြီ ၁၇ ရက်(တနင်္ဂနွေနေ့)တွင် ဘော်လ်တန်နှင့် စတုတ်စီးတီးတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ထိုပွဲတွင် မန်ယူအသင်း၌ တိုက်စစ်မှူး ဝိန်းရွန်နေး ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်မည် မဟုတ်သလို မန်စီးတီးအသင်း၏ အဓိကအားထားရသည့် တိုက်စစ်မှူး တီဗက်ဇ်မှာလည်း တံကောက်ကြောဒဏ်ရာကြောင့် ပါဝင်ရန်မသေချာပေ။ထိုသတင်းမှာ မန်ယူအတွက် အဆိုးထဲမှ အကောင်းဟုဆိုရမည်ဖြစ်သည်။

မန်ယူအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးကို ကျော်ဖြတ်နိုင်မည်ဆိုပါက နောက်ဆုံးဗိုလ်လုပွဲ၌ ဘော်လ်တန် (သို့) စတုတ်စီးတီးနှင့် ဆုံတွေ့ရမည်ဖြစ်ခြင်းကြောင့် ဖာဂူဆန်၏ ဒုတိယမြောက်ဖလား အိပ်မက်မှာလည်း အကောင်အထည်ဖော်နိုင်ဖွယ်ရာ ရှိနေသည်။

မန်ယူနှင့် ချန်ပီယံလိဂ်ဖလား

ယခုနှစ်ဘောလုံးရာသီသည် မန်ယူနှင့်ဖာဂူဆန်အတွက် ကံကြမ္မာမျက်နှာသာပေးသည့်နှစ်ဟု ဆိုရမည်လား။ သို့မဟုတ် ဖာဂူဆန်၏ သမ္မာနှင့် ဗျူဟာကောင်းခြင်းကြောင့်လား။ သို့တည်းမဟုတ် မန်ယူအသင်းသားများ၏ ရဲရဲနီသွေးသည် သရဲနီစိတ်ဓာတ်ကြောင့်ပေပဲလား။ မန်ယူအသင်းအနေဖြင့် ပြိုင်ဆိုင်မှုပြင်းထန်သည့် ချန်ပီယံလိဂ်တွင် အုပ်စုအဆင့်နှင့် ၁၆ သင်း ရှုံးထွက်အဆင့်တို့ကို အလွယ်တကူ ကျော်ဖြတ်နိုင်ခဲ့သလို ကွာတားဖိုင်နယ်တွင်လည်း အခက်ခဲဆုံးပြိုင်ဘက်ဖြစ်သည့် ချယ်လ်ဆီးအသင်းကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့လုံးအနိုင်ကစားကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲတွင်လည်း ရှော်ကေးလိုသာမန်ခြေစွမ်းသာရှိသည့် အသင်းမျိုးနှင့် ဆုံတွေ့ရဖွယ်ရှိနေခြင်းကြောင့် မန်ယူအသင်း၏ ဗိုလ်လုပွဲဆီသို့ သွားရာလမ်းမှာ ဖြောင့်ဖြူးနေသည်ဟုဆိုရမည်ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် အကြိုဗိုလ်လုပွဲတွင် ရှော်ကေးကို နောက်ကောက်ချပြီး နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်တက်လာနိုင်ဦးမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် စပိန်လာလီဂါထိပ်တန်းအသင်းများဖြစ်သည့် ဘာစီလိုနာ (သို့)ရီးယဲလ်မက်ဒရစ်တစ်သင်းသင်းနှင့် ဆုံတွေ့ရမည်ဖြစ်ခြင်းကြောင့် ဖာဂူဆန်၏ ဗျူဟာနှင့် မန်ယူအသင်း၏ ကံကြမ္မာကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေ မန်ယူအသင်းအနေဖြင့် ၁၉၉၉ ခုနှစ်က ဖလားသုံးလုံးရခဲ့သည့် အနေအထားမျိုးကို ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ခြင်းကြောင့် ထိုသို့ သမိုင်းဝင်အောင်မြင်မှုမျိုးကို ဖာဂူဆန်အနေဖြင့် နောက်တစ်ကြိမ် ပုံဖော်ရှင်သန်နိုင်ဦးမည်လားဆိုသည်ကိုဖြင့် ပရိသတ်များနှင့်အတူ မန်ယူအသင်းသားများအားလုံးကလည်း ရင်ခုန်သံ မြန်နှုန်းမြင့်နေကြပြီ ဖြစ်ပါကြောင်း။ ။

ဘာစီလိုနာအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို မက်ဆီ ဤကဲ့သို့ သွင်းယူခဲ့သည်။

အရှုံးသမား အန်ဆန်လော့တီ ဖလားလက်မဲ့ဖြင့် ရာသီပိတ်သိမ်းပြီ

လန်ဒန် ဧပြီ ၁၃

ချယ်လ်ဆီးဆိုသည်မှာ အင်္ဂလိပ်ပရီမီယာလိဂ်၏ ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်သည်။ ချယ်လ်ဆီးကို ရုရှားသူဌေး အေဗရာမိုဗစ်ချ် ဝယ်ယူပြီးနောက်ပိုင်းတွင် ငွေကိုလေလိုသုံးကာ ကစားသမားအင်အား အလုံအလောက်ဖြည့်တင်းခဲ့သည်။ နည်းပြအပေါ် စိတ်တိုင်းမကျမှုများကြောင့်လည်း နည်းပြ တစ်ဦးပြီးတစ်ဦး ပြောင်းလဲခဲ့သည်။ သို့သော် အေဗရာမိုဗစ်ချ်အလိုချင်ဆုံးဖလားဖြစ်သည့် ချန်ပီယံလိဂ် ဆုဖလားကိုမူ ယခုချိန်ထိ ရယူနိုင်ခြင်းမရှိသေးဘဲ အခြားဆုဖလားများနှင့်သာ ကျေနပ်ခဲ့ရသည်။ ယခုနှစ်တွင်မူ ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီတစ်ယောက် အရှုံးသမားဘဝရောက်ခဲ့ရပြီး ၂၀၁၀-၂၀၁၁ ဘောလုံးရာသီကို ဖလားလက်မဲ့ဖြင့် ပိတ်သိမ်းရတော့မည် ဖြစ်သည်။

ချယ်လ်ဆီးအနေဖြင့် ကားလင်းဖလား၊ အက်ဖ်အေဖလားတို့ကို လက်လွတ်ခဲ့ရပြီး ချန်ပီယံလိဂ်တွင်လည်း ပြိုင်ဘက် မန်ယူကို နှစ်ကျော့လုံးရှုံးကာ ကွာတားဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထို့အတူ ဆက်လက်ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးသည့် ပရီမီယာလိဂ်ဖလားတွင်လည်း ရလဒ်ကောင်းမွန်ခြင်းမရှိဘဲ ပွဲစဉ်(၃၂)အပြီးတွင် တစ်ပွဲလျော့ ၁၇ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးဖြင့် ရမှတ် ၅၈ မှတ်ရကာ ပထမနေရာမှ မန်ယူနှင့် ၁၁မှတ်အကွာ တတိယနေရာတွင် ရှိနေသည်။

ထို့ကြောင့် ချယ်လ်ဆီးအနေဖြင့် လက်ကျန် ခုနစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း ချန်ပီယံဆုဖလားအတွက် မည်သို့မျှ မျှော်လင့်နိုင်တော့မည်မဟုတ်ပေ။ ယခုနှစ်တွင် ချယ်လ်ဆီးအနေဖြင့် ဖလားလက်မဲ့ဖြစ်ရန် သေချာသလောက်ရှိနေခြင်းကြောင့် နည်းပြအန်ဆန်လော့တီ၏ အနာဂတ်မှာလည်း မသေချာမရေရာဖြစ်လာခဲ့ရသည်။ ၎င်း၏ လက်အောက်တွင် ပေါင်သန်း ၅၀ တန် ဖာနန်ဒိုတောရက်စ်ကလည်း ယခုချိန်ထိ တစ်ဂိုးမျှပင် သွင်းယူနိုင်ခြင်းမရှိသေးပေ။

ဟန်သစ်

အလိုချင်ဆုံး

ထိုသို့အနေအထားမျိုးတွင် ငွေကိုလေလိုသုံးခဲ့သည့် ချယ်လ်ဆီးသူဌေး အေဗရာမိုဗစ်ချ်အနေဖြင့် အသင်း၏ အနာဂတ်အတွက် မည်သို့စီမံထားသည်၊ မည်သို့ခရီးဆက်မည်ကို လူတိုင်းစိတ်ဝင်စားလျက်ရှိနေကြပြီဖြစ်သည်။ အောင်မြင်မှုကို ငွေဖြင့်ဝယ်ယူရန်ကြိုးပမ်းလာသည့် အေဗရာမိုဗစ်ချ်၏ အလိုချင်ဆုံး ဆုဖလားမှာ ချန်ပီယံလိဂ်ဖလားပင် ဖြစ်သည်။ ထိုဆုဖလားကို ရယူနိုင်ရန်အတွက် လာမည့်နှစ်ဘောလုံးရာသီတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာဦးမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ဖလားလက်မဲ့ဖြင့် အရှုံးသမားဖြစ်ခဲ့ရသည့် အန်ဆန်လော့တီ၏ အနာဂတ်မှာလည်း ဝေဝါးလို့လာခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆွဲအားနှင့်စွဲအား"တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၆း၃၅ ထင်ရှားတည်ရှိမြင်းမထိ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၇၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၃၁)**
- ၈း၄၅ 2011 သင်္ကြန်အကြိုနေ့မြင်ကွင်း
- ၉း၀၀ ခါသင်္ကြန်အဆိုအကများ
- ၉း၁၅ (၅)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ နက္ခတ်ဗေဒင်ဆိုင်ရာ ဘွဲ့နှင်းသဘင်အခမ်းအနား
- ၉း၃၀ Science For All (လေအေးစက်များကိုအကျိုးရှိအောင်တပ်ဆင်သုံးစွဲနည်း) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀း၀၀ ရန်ကုန်စက်မှုတက္ကသိုလ် ဗုဒ္ဓဘာသာမိသားစု၏အလှူမင်္ဂလာ
- ၁၀း၂၀ ရန်ကုန်မြင်ကွင်းကျယ် (တော်ဝင်စင်တာမှ Kanebo ကောင်တာသစ်ဖွင့်ပွဲ)
- ၁၀း၃၀ Vox Pop (သင်္ကြန်စိတ်ကူး)
- ၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၅ The Champion of Dance (မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအကပြိုင်ပွဲ)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ ခါသင်္ကြန်အဆိုအကများ
- ၁၂း၂၀ ဂန္ထဝင်တေးသံရှင်ဦးအံ့ကြီးနှင့် ဂါဝရပြုတွေ့ဆုံခြင်း(အပိုင်း-၁)
- ၁၂း၅၀ ကြည်နူးဖွယ်ရာ ရှင်(၁၀၁)ပါး ရှင်ပြုအလှူတော်မင်္ဂလာ
- ၁း၀၀ "ဆွဲအားနှင့်စွဲအား"တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၇၃)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၃၁)**
- ၅း၀၀ ခါသင်္ကြန်အဆိုအကများ
- ၅း၁၅ ဓာတ်ပုံထဲမှအမှတ်တရများ (သဥ္ဇာနွယ်ဝင်း)
- ၅း၄၀ ရိုးရာမပျက်ယဉ်ကျေးစွာနွဲပျော် မြန်မာတို့ရဲ့ အတာသင်္ကြန်ပွဲတော်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ 2011 သင်္ကြန်အကျနေ့မြင်ကွင်း
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၇၄)**
- ၇း၂၅ ဂီတသရုပ်ပြခန်း (တေးရေးစိုးလင်းရဲ့သင်္ကြန်သီချင်းများစုစည်းမှု) (အပိုင်း-၂)
- ၇း၅၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခါသင်္ကြန်အဆိုအကများ
- ၈း၄၅ စကားနပန်း (ထူးခြားတာကောင်းတယ်၊ မထူးခြားတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီတဲ့အချစ်" (အပိုင်း-၃၂)**
- ၁၀း၁၅ ကြည်နူးရိပ် (ပိုင်ဇေရဲထွန်း၊ကြည်လဲ့လဲ့ဦး၊ ခိုင်နှင်းဝေ)
- ၁၀း၅၀ အနုပညာမိုးကောင်းကင်
- ၁၁း၁၀ ခါသင်္ကြန်အဆိုအကများ
- ၁၁း၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖန်စီလက်ကောက်၊ ဆွဲကြိုး၊ နားကပ်လေးတွေလုပ်ကြရအောင်)
- ၁၂း၀၀ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၁၂း၁၀ Box Office Movies (Surro Gates)
- ၁၂း၃၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
- ၁း၀၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၁း၁၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
- ၁း၃၀ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၂း၀၀ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၂း၄၀ အထင်
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ Eternal Festival (အပိုင်း-၂)
- ၄း၂၅ မျှော်လင့်ခြင်းရဲ့ အလင်းရောင်သစ်
- ၄း၅၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘာတောင်တော်မှာ
- ၅း၀၀ အစီအစဉ်ပြီး။

မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး တရုတ်နှင့် ဘရာဇီး သဘောတူညီချက်များရရှိ

ပေကျင်း ဧပြီ ၁၃

တရုတ်နှင့် ဘရာဇီးနိုင်ငံတို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် အစိုးရအဖွဲ့ချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဆိုင်ရာ သဘောတူညီချက် အများအပြားကို ဧပြီ ၁၂ရက်က ရရှိလိုက်ကြကြောင်း ယနေ့သတင်းတွင်ဖော်ပြသည်။

တွေ့ဆုံ ဆွေးနွေး

တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ချစ်ကြည်ရေးခရီး နှင့်လာသူ ဘရာဇီးသမ္မတ ဒိုင်လမာရုဆက်ဖ်နှင့် သမ္မတ ဟူကျင်တောင်တို့သည် မြို့တော် ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ နှစ်နာရီကြာတွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ တရုတ်နှင့် ဘရာဇီးခေါင်းဆောင်များသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် ရှစ်ရပ်အား လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြသည်။

ဘရာဇီးသမ္မတ၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် ၁၃ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ရုဆက်ဖ်သည် ဇန်နဝါရီလက သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ချိန်နောက်ပိုင်း တရုတ်နိုင်ငံသို့ ပထမဆုံး အကြိမ်ရောက်ရှိလာခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၀၉ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၁၀ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၆ဘီလီယံကို ကျော်လွန်ခဲ့သည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံ မြောက်ပိုင်း၌ တောမီး လောင်ကျွမ်း

ရှီးကြားကျွမ်း ဧပြီ ၁၃

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်တွင် ဧပြီ ၁၂ ရက် မွန်းတည့်ချိန်က တောမီးလောင်ကျွမ်းခဲ့ကြောင်း၊ ဧပြီ ၁၃ ရက်နေ့အထိ သစ်တောမြေ ၄၆၆ ဒသမ ၆၆ ဟက်တာ မီးလောင်ကျွမ်းခံခဲ့ရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ကျင်ဟွန်ဒေါင်မြို့၏ ဖန်နင်းစီရင်စုနှင့် ကင်လုံစီရင်စုတို့၏ နယ်စပ်ဒေသ၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်သည်များ၊ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၇၅၅၀ ကျော်ဖြင့် မီးငြှိမ်းသတ်လျက်ရှိကြသည်။

တောမီးငြှိမ်းသတ်ရာတွင် ရဟတ်ယာဉ်သုံးစင်းကိုလည်း အသုံးပြုခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဧပြီ ၁၂ရက်က ဘရာဇီးသမ္မတနှင့် တရုတ်သမ္မတတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွား

ဘဂ္ဂဒက် ဧပြီ ၁၃

အီရတ်နိုင်ငံ အလယ်ပိုင်းတွင် ဧပြီ ၁၂ရက်က ဗုံးခွဲတိုက်ခိုက်မှုသုံးကြိမ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံး၍ လေးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ မန်ဆာရပ်ကွက်ရှိ ရာမာဒန်လမ်းမကြီးတွင် ရပ်ထားသောအရပ်သားတစ်ဦး၏ကားတွင် ဗုံးကပ်ထားပြီးဖောက်ခွဲခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ယာဉ်မောင်း သေဆုံး၍ ဖြတ်သန်းသွားလာသူနှစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ သတင်းပေးပို့သည်။ ဗုံးဖောက်ခွဲမှုခံရသောကားမှာ မီးလောင်သွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုနေရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ဝိုင်းဝန်းပိတ်ဆို့ကာ ရှာဖွေစစ်ဆေးခဲ့ကြသည်။

ဘဂ္ဂဒက်မြို့တွင် သီးခြားဗုံးတစ်လုံးပေါက်ကွဲခဲ့ပြန်ကြောင်း၊ အရပ်သားကား၌ပင် ဗုံးကပ်၍ဖောက်ခွဲခဲ့ရာ အရပ်သားယာဉ်မောင်း သေဆုံးကြောင်း၊ တတိယဗုံးမှာ ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀ကွာဝေးသော ဖလူးဂျာမြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်အနီး ရဲအရာရှိတစ်ဦး၏ကားကို ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အဆိုပါရဲအရာရှိသေဆုံး၍ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံ ဗုံးဖောက်ခွဲမှုဖြစ်ပွား

ကဘူး ဧပြီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမှ ကီလိုမီတာ ၄၅၀ကွာဝေးသော ကန်ဒါဟာပြည်နယ်တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ ကိုးဦးဒဏ်ရာရရှိကြောင်း ကန်ဒါဟာပြည်နယ် အုပ်ချုပ်ရေးအဖွဲ့က ဧပြီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဧပြီ ၁၂ရက်နောက်ပိုင်းက ပန်ဂျာဝီခရိုင်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ကိုးဦးဒဏ်ရာရရှိကြောင်း၊ ယင်းအထဲတွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ဝင် ငါးဦးပါဝင်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဒဏ်ရာရသူကိုးဦးအနက် ကလေးတစ်ဦး အပါအဝင် အရပ်သားလေးဦး ပါဝင်သည်။

အဆိုပါ အသေခံကားဗုံး ဖောက်ခွဲသောနေရာသည် နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင်များ ကင်းလှည့်သည့်နေရာ ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂျပန်နိုင်ငံ ဆန်ဒိုင်းလေဆိပ်သို့ ဆိုက်ရောက်လာကြသော ခရီးသည်များအား လေဆိပ်ဝန်ထမ်းများက ကြိုဆိုကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသော ဆန်ဒိုင်းလေဆိပ် ပြန်လည်ဖွင့်လှစ်

ဆန်ဒိုင်း ဧပြီ ၁၃

ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်းဒဏ်အား အပြင်းအထန်ခံစားခဲ့ရသော ဆန်ဒိုင်းမြို့ရှိ လေဆိပ်ကို ဧပြီ ၁၃ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဂျပန်နိုင်ငံတွင် မတ် ၁၁ ရက်က အင်အား ၉ ရှိ မြေငလျင်လှုပ်မှုနှင့်အတူ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဆန်ဒိုင်းမြို့၌ အမြင့် ၃၂ ပေရှိ ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့ရာ လေယာဉ်ပြေးလမ်းများ ပျက်စီးထိခိုက်ခဲ့ရသည်။ ဆူနာမီရေလှိုင်းရိုက်ပုတ်မှုကြောင့် မော်တော်ကားများ၊ လေယာဉ်များနှင့် ခရီးသည် နားနေဆောင်များ ပျက်စီးခဲ့ရသည်။

မတ် ၁၁ ရက်နောက်ပိုင်း ဆန်ဒိုင်းလေဆိပ်၌ ပထမဆုံးအကြိမ် ဆင်းသက်လာသည့် လေယာဉ်မှာ ဂျေအေအယ်လ် အိပ်စပရက်လေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်တစ်စင်းဖြစ်သည်။

အဆိုပါလေယာဉ် ဆိုက်ရောက်လာချိန်တွင် ဆန်ဒိုင်းလေဆိပ်ဝန်ထမ်းများက လေယာဉ်ရပ်နားရာနေရာအနီးမှ ကြိုဆိုခဲ့ကြသည်။

ဂျပန်လေကြောင်းဌာနမှ အဆိုပါ လေယာဉ်သည် မြို့တော်တိုကျိုရှိ ဟာနီဒါလေဆိပ်မှ ထွက်ခွာလာခဲ့ပြီး ဆန်ဒိုင်းလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဆင်းသက်ခဲ့သည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မြေငလျင်နှင့် ဆူနာမီဘေးဒဏ်တို့ကို အပြင်းထန်ဆုံးခံစားခဲ့ရသော မြို့ကြီးမှာ ဆန်ဒိုင်းမြို့ဖြစ်သည်။

ဂျေအေအယ်လ်လေကြောင်းနှင့် အောလ်နီပွန်အဲလိုင်းစ်တို့သည် ဆန်ဒိုင်းနှင့် တိုကျို သို့မဟုတ် အိုဆာကာအကြား တစ်ရက်လျှင် လွန်းပြန်လေကြောင်းခရီးစဉ် ခြောက်ခုပြေးဆွဲမည်ဖြစ်သည်။ ***အင်တာနက်။***

နေတိုးတပ်ဖွဲ့နှင့် တာလီဘန်များ တိုက်ခိုက်

ကဘူး ဧပြီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း၌ အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့ဝင်များနှင့် တာလီဘန် စစ်သွေးကြွတို့ ဧပြီ ၁၂ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကလေးသုံးဦးသေဆုံးကြောင်း ပရက်စ် တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ တိုက်ခိုက်မှုသည် နိုင်ငံမြောက်ပိုင်း ဖာယက်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပရက်စ်တီဗွီသတင်းထောက်က ပြောကြားသည်။

လွန်ခဲ့သောလအနည်းငယ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အရပ်သားများ သေကျေဒဏ်ရာရရှိမှု ၁၅ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ***အေပီ။***

ဂါဇာကမ်းမြောင်ဒေသ ကုန်သွယ်ရေးလမ်းကြောင်း အစ္စရေးနိုင်ငံ ပြန်လည်ဖွင့်လှစ်

ဂါဇာ ဧပြီ ၁၃

နယ်စပ်ဖြတ်ကျော်တိုက်ပွဲများ ငြိမ်သက်နေသည့်အခိုက် ဟားမားစ်အုပ်စုထိန်းချုပ်သော ဂါဇာကမ်းမြောင်ဒေသ ကုန်သွယ်ရေးလမ်းကြောင်းများကို အစ္စရေးနိုင်ငံက ယနေ့ ပြန်လည်ဖွင့်ပေးခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

ဟားမားစ်စစ်သွေးကြွများက အစ္စရေးကျောင်းကားတစ်စင်းကို ဒုံးကျည်ဖြင့်ပစ်ခတ်ရာမှအစပြု၍ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အစ္စရေးနိုင်ငံ ကာရမ်ရှလွန်နယ်စပ်ဝင်ပေါက်ကို ခုနစ်ရက်ကြာမျှ ပိတ်ထားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို အီဂျစ်နှင့် ကုလသမဂ္ဂ စေ့စပ်ညှိနှိုင်းရေးမှူးများက ဧပြီ ၁၀ ရက်တွင် လက်ခံရရှိခဲ့ပြီးနောက် အစ္စရေးနှင့် ဟားမားစ်အုပ်စုတို့အကြား တိုက်ပွဲများ တဖြည်းဖြည်းလျော့ပါးခဲ့ပြီဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း အရှိန်မပျက် လုပ်ဆောင်နိုင်ရန်အတွက် ကာရမ်ရှလွန်နယ်စပ်ဖြတ်ကျော်လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ညှိနှိုင်းရေးရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တိရစ္ဆာန်အစာများ တင်ဆောင်ထားသော ကုန်တင်ကားများသည် အစ္စရေးနိုင်ငံမှ ဂါဇာဒေသသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဂါဇာကမ်းမြောင်ဒေသမှ ကုန်သည်များက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ၌ နေထိုင်သူ၏ သုံးပုံနှစ်ပုံကို ထောက်ပံ့ရန်အတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသော ကုလသမဂ္ဂလူမှုဒုက္ခကူညီစောင့်ရှောက်ရေး အေဂျင်စီတစ်ခုမှ ကုန်တင်ကား ၁၇၂စီးတို့သည် ဂါဇာဒေသသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

ဂါဇာကမ်းမြောင်သို့ဝင်ရောက်ရန် ကာရမ်ရှလွန်နယ်စပ်ဖြတ်လမ်းကြောင်းပေါ်၌ စောင့်ဆိုင်းနေသော ကုန်တင်ယာဉ်များ။

ပါကစ္စတန်စစ်သွေးကြွအုပ်စုတစ်စု၏ လှုပ်ရှားမှု ဒေသတွင်းကို ကျော်လွန် ပျံ့နှံ့

ဝါရှင်တန် ဧပြီ ၁၃

ပါကစ္စတန်အခြေစိုက် လက်ရှ်ကာအီးတိုင်ဘာ စစ်သွေးကြွအဖွဲ့၏ လှုပ်ရှားမှုနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရကြောင်း အမေရိကန်စစ်ဘက်ထိပ်တန်းခေါင်းဆောင်တစ်ဦးက ကွန်ဂရက်လွှတ်တော်၌ ဧပြီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှ်ကာအီးတိုင်ဘာအဖွဲ့၏ လှုပ်ရှားမှုများသည် အိန္ဒိယနိုင်ငံသို့မဟုတ် တောင်အာရှဒေသများကို ကျော်လွန်လာပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ပစိဖိတ်စစ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီး ရောဘတ်ဝဲလ်လာဒ်က ပြောကြားခဲ့သည်။

တာဝန်ရှိ

တောင်အာရှဒေသ၏ အင်အားအကြီးဆုံးနှင့် ရန်ပုံငွေအတောင့်တင်းဆုံး စစ်သွေးကြွအုပ်စုဖြစ်သော လက်ရှ်ကာအီးတိုင်ဘာအဖွဲ့သည် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း စွပ်စွဲခံထားရသည်။

ကတ်ရှ်မီးယားဒေသအရေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံကို ဆန့်ကျင်တိုက်ခိုက်ရန် ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ (အိုင်အက်စ်အိုင်)က အဆိုပါ စစ်သွေးကြွအဖွဲ့ကို လက်သပ်မွေးခဲ့သည်။

တရားမဝင်ရပ်တည်

လက်ရှ်ကာအီးတိုင်ဘာအကြမ်းဖက်အဖွဲ့ကို ပါကစ္စတန်အစိုးရက လွန်ခဲ့သော ၁၀ နှစ်ခန့်က ဖျက်သိမ်းခဲ့သော်လည်း ယင်းအဖွဲ့သည် ယနေ့တိုင် တရားမဝင်ရပ်တည်နေဆဲ ဖြစ်သည်။

လက်ရှ်ကာအီးတိုင်ဘာ စစ်သွေးကြွအုပ်စု၏ လှုပ်ရှားမှုများကို ထိန်းချုပ်နိုင်ရန် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မော်လဒိုက်နှင့် အိန္ဒိယအပါအဝင် တောင်အာရှနိုင်ငံများ၏ အစိုးရအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း အမေရိကန်အောက်လွှတ်တော် စစ်ဆေးကြားနာမှုတစ်ရပ်တွင် ဗိုလ်ချုပ်ကြီး ရောဘတ်ဝဲလ်လာဒ်က ပြောကြားခဲ့သည်။

လက်ရှ်ကာအီးတိုင်ဘာအဖွဲ့သည် ၎င်း၏ ဩဇာကို နိုင်ငံတကာသို့ ပျံ့နှံ့စေရန် လုပ်ဆောင်နေခြင်းသည် ယုံမှားသံသယရှိဖွယ်မလိုကြောင်း အောက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီရှေ့မှောက်၌ ရောဘတ်ဝဲလ်လာဒ်က ပြောကြားသည်။

ဥရောပနှင့်အာရှပစိဖိတ်ဒေသ၌ အဆိုပါစစ်သွေးကြွအုပ်စု၏ လှုပ်ရှားမှုများနှင့်ပတ်သက်သော သက်သေသက္ကာယများကို အမေရိကန်ပြည်ထောင်စုက ရရှိထားကြောင်း ဗိုလ်ချုပ်ကြီး ရောဘတ်ဝဲလ်လာဒ်က ဆိုသည်။

အေပီ။

လက်ရှ်ကာအီးတိုင်ဘာ စစ်သွေးကြွအုပ်စု လုပ်ဆောင်ခဲ့သည်ဆိုသော အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်။

သင်္ဘောတင်ကုန်သေတ္တာအတွင်း ကိုးရက်ကြာပိတ်မိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အသက်ဘေးမှလွတ်မြောက်

စင်ကာပူ ဧပြီ ၁၃

စင်ကာပူနိုင်ငံသို့ သင်္ဘောဖြင့်တင်ပို့သော ကုန်သေတ္တာတစ်လုံးထဲ၌ ပိတ်မိနေသည့် ဘင်္ဂလားဒေ့ရှ် ဆိပ်ကမ်းအလုပ်သမားတစ်ဦးသည် ယင်းကုန်သေတ္တာထဲ၌ အစားအစာနှင့် ရေ မရှိဘဲ ကိုးရက်ကြာနေခဲ့ရသော်လည်း ကံကောင်းထောက်မစွာ အသက်ရှင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကုန်သေတ္တာထဲ၌ ၎င်းနှင့်အတူ ပိတ်မိခဲ့သော အခြားဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးမှာ သေဆုံးခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းရှိ ကုန်သေတ္တာတစ်လုံးထဲတွင် ဧပြီ ၁ ရက်က ခေတ္တ ဝင်ရောက်အနားယူစဉ် ပိတ်မိခဲ့ရကြောင်း အသက်(၃၀)အရွယ် ဆိပ်ကမ်းအလုပ်သမား ဒင်အစ္စလာမ်၏ အဆိုကို ကိုးကား၍ စင်ကာပူသတင်းစာတစ်စောင်က ဖော်ပြသည်။

ထုရိုက်သံများကြား

စင်ကာပူနိုင်ငံ ပါဆာပန်ဂျံဆိပ်ကမ်းမှ အလုပ်သမားတစ်ဦးက ကုန်သေတ္တာအတွင်း ထုရိုက်သံများကြားခဲ့ရာမှ အစပြု၍ ဒင်အစ္စလာမ်နှင့် ၎င်းနှင့်အတူ ပိတ်မိသေဆုံးနေသူ၏ ရုပ်အလောင်းကို ရဲတပ်ဖွဲ့က ဧပြီ ၁၀ ရက်တွင် တွေ့ရှိခဲ့သည်။

ရေဓာတ်ခြောက်ခန်း၍ ဆေးရုံတင်ထားရခြင်းမှအပ ဒင်အစ္စလာမ်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ပြောကြားသည်။

အေပီ။

ဗော့စတော့ ၃ ကေအေ-၂ အာကာသယာဉ်ကို ဆော့သ်ဘီ လေလံခန်း၌ တွေ့ရစဉ်။

သမိုင်းဝင်ဆိုဗီယက်အာကာသယာဉ် ရုရှားလုပ်ငန်းရှင်တစ်ဦး လေလံဆွဲဝယ်ယူ

နယူးယောက် ဧပြီ ၁၃

လူလိုက်ပါသော အာကာသခရီးစဉ်မတိုင်မီ အကြိုစမ်းသပ်မှုအဖြစ် ဆိုဗီယက်ပြည်ထောင်စုက ပစ်လွှတ်ခဲ့သော ဗော့စတော့ ၃ကေအေ-၂ အာကာသယာဉ်ကို ရုရှားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်းပေး၍ ဧပြီ ၁၂ ရက်က ဝယ်ယူခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုဗီယက်အာကာသယာဉ်မှူးယူရီဂါဂါရင်၏ သမိုင်းဝင်အာကာသခရီးစဉ်ရွှေရတုအထိမ်းအမှတ်ကာလ၌ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဆော့သ်ဘီလေလံခန်းမ၌ ဗော့စတော့ ၃ကေအေ-၂ အာကာသယာဉ်ကို လေလံတင်ရောင်းချခဲ့ခြင်းဖြစ်သည်။ ဗော့စတော့ ၃ ကေအေ-၂ အာကာသယာဉ်ကို ရုရှားနိုင်ငံသို့ပြန်လည်သယ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းအာကာသယာဉ်ကို လေလံဆွဲဝယ်ယူခဲ့သည့် ရုရှားစီးပွားရေးလုပ်ငန်းရှင် အက်ဗ်ဂျင်နီယာချန်ကိုက ပြောကြားသည်။

ကမ္ဘာပတ်လမ်းကြောင်းမှ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်စဉ် မီးလောင်ကျွမ်းခဲ့သော ဗော့စတော့ ၃အေကေ-၂ အာကာသယာဉ်သည် ဆိုဗီယက်အာကာသ အစီအစဉ်၏ သမိုင်းဝင် အမွေအနှစ်ဖြစ်ကြောင်း ယာချန်ကိုက ပြောကြားခဲ့သည်။

ဗော့စတော့ ၃ကေအေအာကာသယာဉ်ကို အလူမီနီယမ်သတ္တုဖြင့် တည်ဆောက်ထားပြီး လူနေခန်းမှာ အချင်း ရှစ်ပေထက် မပိုပေ။

ဗော့စတော့အာကာသယာဉ်ကို ယူရီဂါဂါရင်၏ ခရီးစဉ်အတွက် နောက်ဆုံးစမ်းသပ်မှုအဖြစ် ၁၉၆၀ ခုနှစ်တွင် ပစ်လွှတ်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ထူးဆန်းထွေတလာ နိုင်ငံတကာ

တရားမဝင်မြွေအလမ္ပာယ်ဆရာများကို ဖော်ထုတ်ရန် မြွေများ၌ မှတ်တမ်းတင်ကတ်များ အိန္ဒိယထည့်သွင်း

နယူးဒေလီ ဧပြီ ၁၃

အိန္ဒိယကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ ဆွဲဆောင်မှုတစ်ရပ်ဖြစ်သော မြွေအလမ္ပာယ်လုပ်ငန်းကို စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရန်အတွက် နယူးဒေလီအာဏာပိုင်များက အလမ္ပာယ်လုပ်ငန်း၌ အသုံးပြုသောမြွေများအား မှတ်တမ်းတင်အီလက်ထရွန်နစ်ကတ်ငယ်များ ထည့်သွင်းပေးထားကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

အီလက်ထရွန်နစ်မှတ်တမ်းတင် ကတ်ငယ်များ၌ အသိအမှတ်ပြုသင်္ကေတတစ်ရပ်ပါဝင်ပြီး မြွေအလမ္ပာယ်ဆရာများ အသုံးပြုသည့်မြွေများကို တရားဝင်စာရင်းသွင်းထားမှုရှိ၊ မရှိ အာဏာပိုင်များက စစ်ဆေးအတည်ပြုနိုင်မည်ဖြစ်သည်။

မြွေအလမ္ပာယ်ပြခြင်းအပါအဝင် တောရိုင်းတိရစ္ဆာန်များအား စီးပွားရေးလုပ်ငန်းများ၌ အသုံးပြုခြင်းကို အိန္ဒိယနိုင်ငံက ၁၉၉၀ ခုနှစ်တွင် တားမြစ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဒေလီမြို့၌ မြွေအလမ္ပာယ်ဆရာများအတွက် သီးခြားကင်းလွတ်ခွင့်ကို ပြည်နယ်အစိုးရက ၂၀၀၃ ခုနှစ်တွင် ပေးအပ်ခဲ့သည်။

ဒေလီအာဏာပိုင်များက အလမ္ပာယ်လုပ်ငန်းသုံးမြွေများ၌ အီလက်ထရွန်နစ်မှတ်တမ်းတင်ကတ်များကို တောကြီးမြွေဟောက်များအပါအဝင် မြွေကောင်ရေ ၄၂ ကောင်အား ဧပြီ ၁၁ ရက်မှ ၁၂ ရက်အထိထည့်သွင်းပေးခဲ့သည်။

ယင်းသို့လုပ်ဆောင်ခြင်းဖြင့် အလမ္ပာယ်လုပ်ငန်း၌ အသုံးပြုရန် မြွေအသစ်များကို ထပ်မံဖမ်းယူခြင်းအား တားဆီးနိုင်မည်ဖြစ်ကြောင်း ဂိုအာပြည်နယ်အခြေစိုက် မြွေကျွမ်းကျင်သူတစ်ဦးကပြောကြားသည်။

ပုလွေသံနှင့်အတူ လှုပ်ရှားကပြရေးအတွက် လေ့ကျင့်ပေးရာတွင် မြွေအလမ္ပာယ်ဆရာများသည် မြွေများအား ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းမှုနည်းလမ်းများကို သုံးစွဲတတ်ကြကြောင်း တိရစ္ဆာန်အခွင့်အရေးအုပ်စုများက ပြောကြားသည်။

အလမ္ပာယ်ပြရာတွင် အသုံးပြုသောမြွေများကို အများအားဖြင့် အစွယ်ချိုးထားပြီး နွားနို့သာတိုက်ကျွေးတတ်ကြရာ ယင်းမြွေများသည် သဘာဝတောထဲသို့ ပြန်လွှတ်ခံရပါက သားကောင်ရှာဖွေနိုင်ခြင်းမရှိတော့ဘဲ အသက်ဆုံးရှုံးရသည်။

အေအက်ဖ်ပီ။

အိန္ဒိယနိုင်ငံ ဒေလီမြို့တော်မှ မြွေအလမ္ပာယ်ဆရာများကို တွေ့ရစဉ်။

ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီ(ယာပုံ)နှင့် တူရကီသမ္မတအဗ္ဗဒူလ်ဂူးလ်တို့ကို အင်ကာရာမြို့တော် သမ္မတနန်းတော်၌ ဧပြီ ၁၃ ရက်က တွေ့ရစဉ်။

အာဖဂန်စစ်ပွဲနှင့် ပတ်သက်၍ တူရကီနှင့် ပါကစ္စတန်သမ္မတနှစ်ဦး ဆွေးနွေး

အင်ကာရာ ဧပြီ ၁၃

အာဖဂန်စစ်ပွဲကို အဆုံးသတ်မည့်အကြိုလှုပ်ရှားမှုများကို မိမိတို့အနေဖြင့် ထောက်ခံမည်ဖြစ်ကြောင်း တူရကီနှင့် ပါကစ္စတန်သမ္မတနှစ်ဦးတို့က ဧပြီ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထောက်ကူနိုင်ရေးတူရကီနိုင်ငံ၌ တာလီဘန်အဖွဲ့၏ နိုင်ငံရေးရုံးတစ်ရုံး ဖွင့်လှစ်ထားရှိမည့်စီမံချက်နှင့်ပတ်သက်၍ အတည်ပြုရန် သမ္မတကြီးနှစ်ဦးက ငြင်းဆိုခဲ့ကြသည်။

တူရကီနိုင်ငံ၌ တာလီဘန်အဖွဲ့၏ ရုံးတစ်ရုံးဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ အာဖဂန်ငြိမ်းချမ်းရေးကောင်စီကို ဦးဆောင်လျက်ရှိသော အာဖဂန်သမ္မတဟောင်း ဘာဟာညူဒင်ရာဘာဒီနှင့် ဆွေးနွေးခဲ့ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပါကစ္စတန်လုံခြုံရေးအဖွဲ့များသည် အာဖဂန်စစ်သွေးကြွများနှင့် အဆက်အဆံရှိကြောင်း ယုံကြည်ရဖွယ်ရှိရာ အာဖဂန်စစ်ရေးပဋိပက္ခကို အဆုံးသတ်မည့် မည်သည့်အဆိုပြုချက်မဆို ပါကစ္စတန်၏ထောက်ခံမှုကို ရရှိရန်လိုအပ်ဖွယ်ရှိသည်။

ဆယ်စုနှစ်တစ်ခုစာမျှကြာမြင့်ခဲ့ပြီဖြစ်သော အာဖဂန်စစ်ပွဲကို အဆုံးသတ်ရေးအတွက် နိုင်ငံရေးအရ ဖြေရှင်းမှုကို အမေရိကန်အစိုးရက ထောက်ခံထားသည်။

သို့ရာတွင် ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း၌ အခြေပြုသော တစ်ယူသန်တာလီဘန်ခေါင်းဆောင်များက အာဖဂန်မြေပေါ်မှ နိုင်ငံခြားတပ်ဖွဲ့များ ထွက်ခွာခြင်းမရှိသရွေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အေပီ။

တတိယအကြိမ် အင်းလေး မြန်မာ့သစ်ခွပန်းပြပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၃

တတိယအကြိမ် အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲကို ဧပြီ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ပြသခဲ့ပြီး ပြပွဲတွင် ဆေးဖက်ဝင် သစ်ခွပန်းများ အပါအဝင် သစ်ခွပန်းမျိုးပေါင်း ၁၈၉ မျိုးကို အပင်ပေါင်း ၅၀၀၀၀ ဖြင့် ခင်းကျင်းပြသခဲ့သည်။ ထို့ပြင် သစ်တောဦးစီးဌာန၏ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း တိုင်းရင်းသားရိုးရာ၊ ပန်းနှင့် ငှက်များဆိုင်ရာ ဓာတ်ပုံပြပွဲနှင့် ပြိုင်ပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် လူငယ်ပန်းချီပြိုင်ပွဲများကိုပါ ကျင်းပခဲ့သည်။

အဆိုပါအင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့ မြို့တော်ခန်းမရှေ့ အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ရှမ်းပြည်နယ် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းရွှေ၊ တတိယအကြိမ် အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်တင်ရီတို့ တက်ရောက်ကြပြီး သစ်ခွပန်းပင်များအား ရေဖျန်းစက်ခလုတ်ကို နှိပ်၍လည်းကောင်း၊ ပြပွဲလာပရိသတ်များက မိုးပျံပူဖောင်းများကို လွှတ်တင်၍လည်းကောင်း အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ပြခန်းများနှင့် အားကစားပြိုင်ပွဲများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ပန်းပြပွဲနှင့် တစ်ဆက်တစ်စပ်တည်း အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲကို ဧပြီ ၁၀ ရက်တွင် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် စာတမ်းရှင် ငါးဦးတို့က ရာသီဥတုပြောင်းလဲမှုနှင့် စိုက်ပျိုးရေးနည်းစနစ်များမှ အင်းသားတို့ လူနေမှုဘဝအပေါ် အကျိုးသက်ရောက်မှုစာတမ်း၊ ရှမ်းပြည်နယ် တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယမြို့နယ်များအတွင်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်၍ ခြေကျင်ခရီးကြမ်း (Trekking) သွားလာနေသော လမ်းကြောင်းများရှိ ကျေးရွာများတွင် ကျေးလက်လူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်စာတမ်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ဇီဝမျိုးကွဲများ၏ အခန်းကဏ္ဍစာတမ်း၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းဖွယ်ရာများ စာတမ်းနှင့် အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဟိုတယ်လုပ်ငန်း စာတမ်းများကို ဖတ်ကြားကြကာ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

သစ်ခွပန်းပြပွဲ ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီတွင် ပြပွဲကျင်းပရာနေရာ၌ ကျင်းပရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်း၊ ညောင်ရွှေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့က ကျေးဇူးတင်စကားပြောကြားပြီး အားကစားပြိုင်ပွဲ၊ ဓာတ်ပုံပြပွဲပြိုင်ပွဲနှင့် လူငယ်ပန်းချီပြိုင်ပွဲတို့၌ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

ကချင်ပြည်နယ်၌ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် လယ်ယာကဏ္ဍ စိုက်ဧကစာရင်းအင်းကိန်းဂဏန်းများ မှန်ကန်စွာကောက်ယူသွားမည်

နေပြည်တော် ဧပြီ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ကချင်ပြည်နယ်မြေစာရင်းဦးစီးဌာန၏ (၂၀၁၁/၂၀၁၂)ခုနှစ် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် လယ်ယာကဏ္ဍစိုက်ဧကစာရင်းအင်းကိန်းဂဏန်းများမှန်ကန်စွာ ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့နယ်မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်းက လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ စာရင်းဇယားကောက်ယူရေးလုပ်ငန်းများကို မြို့နယ်မြေစာရင်းဦးစီးမှူးများနှင့် ဝန်ထမ်းများက မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ ၃၄ ခုသို့ ဧပြီ ၁၉ ရက်မှ မေ ၁၈ ရက်အထိ တစ်လကြာ စာရင်းဇယားများ ပြုစုကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပဲခူး ဧပြီ ၁၃

ပဲခူးတိုင်းဒေသကြီး စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ပြည်မြို့ နဝင်းရဲရိပ်သာဝင်းအတွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးများနှင့် ပြည်မြို့နယ်အတွင်းရှိ ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်မိသားစုများသည် နဝင်းရဲရိပ်သာဝင်းနှင့် ဝန်းကျင်အတွင်း ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို တပျော်တပါး စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဆွေနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၄၉၇)

ဧပြီ ၅ ရက်က ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၁၆)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ တေဇာရာမဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း သံကူကွန်ကရစ်နှစ်ထပ်စာသင်ဆောင်ဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရာ ဆရာဝန် စာရေးဆရာမဒေါက်တာယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ခေါင်းစဉ်ဖြင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ဟောပြောစဉ်။ (ကြေးမုံ)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

မြို့နယ်တစ်ခွင် သာယာစည်ပင်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်ဆန်း-ဒေါ်မေနွယ် မိသားစုက လှူဒါန်းသော စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သည့် ကျားမင်းကြီးကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်း အဆက်မပြတ်ရေပေးဝေနေမှုကို အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင် ကြီးကြပ်ဆောင်ရွက်စဉ်။

ကန့်ဘလူမြို့ မြို့မဈေး မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်းဆောင်ရွက်စဉ်။

သရက်ခရိုင် မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက် ဈေးလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပစဉ်။

ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ချင်းကုန်း- ချောင်းဖျား-ငပိဆိပ်-ဘွဲ့ငူလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လှပသစ်လွင်သော ဟိုတယ်များနှင့် အစဉ်တိုးတက်ပြောင်းလဲနေသော ချောင်းသာကမ်းခြေ အပန်းဖြေစခန်း

သတင်းမှတ်စု - သတင်းထောက် မြင့်မောင်(၅၃၇)

ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ၏ အစဉ်ဖွံ့ဖြိုးတိုးတက်ပြောင်းလဲနေသည်များကို ဆောင်းပါးရှင်တစ်ဦးအနေဖြင့် သိမြင်လို၍ ချောင်းသာကမ်းခြေအပန်းဖြေစခန်းသို့ သွားရောက်လေ့လာခဲ့သည်။ ဟိုတယ်များ၏ အသွင်သစ်များနှင့် တိုးချဲ့တည်ဆောက် ပြုပြင်ပြောင်းလဲမှုများကို ကိုယ်တိုင်မြင်တွေ့လေ့လာခွင့်ရရှိခဲ့သည်။ ကမ်းခြေစခန်းမှာ ယခင်က ဟိုတယ် ၁၃ လုံးသာရှိပြီး ယခုဆိုလျှင် ဟိုတယ် နှစ်လုံး ထပ်မံတိုးချဲ့ဖွင့်လှစ်၍ ဟိုတယ် ၁၅ လုံး ရှိနေပြီဖြစ်ကြောင်း၊ ယခင်နှစ်က ချောင်းသာဦးဟိုတယ်ကို Hotel ACE အဖွဲ့က အသစ်ဆောက်လုပ်မှုများဖြင့် တိုးတက်ပြောင်းလဲခြင်းများ ရှိနေသည်။ ဧည့်ဝန်ဆောင်မှုများကိုလည်း လက်ခံဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ အသစ်တိုးချဲ့ဖွင့်လှစ်လိုက်သော ဟိုတယ်နှစ်လုံးမှာ Hotel Ayeyarwady နှင့် ဝတ်ရည်ဟိုတယ်ဖြစ်ကြောင်း ပြောပြကြသည်။

လတ်ဆတ်သော ပင်လယ်စာများ စားသုံးရခြင်း၊ ပတ်ဝန်းကျင်ဒေသ အေးချမ်းသာယာခြင်း၊ ဟိုတယ်တည်းခိုခများ သက်သာမှုရှိခြင်းတို့သည် ချောင်းသာကမ်းခြေသို့ ခရီးသွားများ ပိုမိုစိတ်ဝင်စားလျက်ရှိသည်။

ယခုပုသိမ်ကြိုးတံတား တည်ဆောက်ပြီးစီး၍ ရာသီမရွေး အလွယ်တကူ သွားလာနိုင်သောအချိန်တွင် ချောင်းသာကမ်းခြေဟိုတယ်များနှင့်အတူ တည်းခိုဆောင်များ၊ စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်မျိုးစုံ ရောင်းချသော ဈေးဆိုင်များ၊ ချောင်းသာဈေးနှင့်အတူ အဝေးပြေးယာဉ်ရပ်နားကွင်းများဖြင့် ပြည့်ပြည့်စုံစုံ တည်ရှိနေကြပြီဖြစ်သည်။

ချောင်းသာကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုဖြင့် ဟိုတယ်ဇုန်သွားလမ်း ဖော်ထုတ်နိုင်ခြင်း၊ သဘာဝအလှတရားများ မပျက်သုဉ်းရန် အုန်းပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ ကမ်းခြေသို့ လာရောက်ကြသော ခရီးသွားများ အတွက် အထူးသီးသန့်ဝန်ဆောင်မှု အနေဖြင့် မြို့ဝင်ကားဂိတ်ကြေး ကင်းလွတ်ခွင့်များ ပြုလုပ်ထားသည်။ ခရီးသည်ပို့ဆောင်ရေး ကားကြီးများလာလျှင် တစ်စီး ငွေကျပ် ၁၀၀၀ နှုန်း ကောက်ခံ၍ ကားလေးများအားလုံး ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ ချောင်းသာကမ်းခြေတစ်ခုလုံး သန့်ရှင်းသာယာလှပစေရေးအတွက် ဟိုတယ်တိုင်းက နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်စေခြင်းနှင့် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း ကမ်းခြေသန့်ရှင်းရေးကို ဟိုတယ်များက ပါဝင် လုပ်အားပေးဆောင်ရွက်ကြကြောင်း Lai Lai Hotel မန်နေဂျာ ဦးကြင်လှိုင်က ပြောပြသည်။

လက်ရှိ ချောင်းသာကမ်းခြေတွင် အဆင့်မြင့်မြင့် ပုံစံဒီဇိုင်းများနှင့် ထူးခြားဆန်းကြယ်စွာ တည်ဆောက်ထားသော Belle Resort Hotel ၏ တည်ဆောက်ထားရှိပုံများနှင့် ဝန်ဆောင်မှုကောင်းများကို သိရှိနိုင်ရန် ဝင်ရောက်လေ့လာခဲ့သည်။ ဘန်ဂလိုများ၏ အဆင့်မြင့်မြင့် တည်ဆောက်ထားရှိပုံများမှာ တစ်ခုနှင့်တစ်ခုမတူ ခြားနားသောပုံစံများရှိနေသည်။ အခန်းများဖွဲ့စည်းပုံ၊ အသုံးအဆောင် ပရိဘောဂများကအစ ကိုရီးယားရိုးရာ၊ ဂျပန်ရိုးရာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားရှိသည်။ မြန်မာ့ရေ၊ မြေ၊ တောတောင်အလှဖြစ်သော သဘာဝကျောက်တုံးများကိုလည်း လက်ရာမြောက်စွာ တည်ဆောက်ထားသည်။ ခေတ်မီအဆင့်မြင့်ပုံစံများကို မြန်မာမှုလက်ရာနှင့် သဘာဝအလှအရည်အသွေး မပျက်ဘဲ အဆင့်မြင့်မြင့် တည်ဆောက်ထားသည်ကိုတွေ့မြင်ရသည်။ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု၊ အပန်းဖြေစေရေး Spa နှင့် အလတ်စားရေကူးကန်တစ်ကန်ကိုလည်း တည်ဆောက်ထားသည်။ လူ ၂၀၀ ခန့် အစည်းအဝေး ပြုလုပ်နိုင်သော Meeting Room ကိုပါ ယခုနှစ်တွင် ထပ်မံ တည်ဆောက်ထားသည်။

ချောင်းသာကမ်းခြေအလှကို Golden Beach Hotel ရှိ ရေကူးကန်ရှေ့မှ မြင်တွေ့ရစဉ်။

ချောင်းသာကမ်းခြေ၏ ထူးခြားချက်များမှာ အောင်မင်္ဂလာကျွန်း၊ ပင်လယ်ပြင်တွင် သဲဖြူကျွန်းနှင့် သန္တာကျောက်တန်းများ ဝိုင်းရံထားသည်။ သဲဖြူကျွန်းနှင့် သန္တာကျောက်တန်းများရှိနေ၍ ပင်လယ်ပြင် သဘာဝဘေးအန္တရာယ်များကို ကာကွယ်တားဆီးပေးထားသည်။ ပင်လယ်ပြင်ကမ်းခြေမှာ လှော်စောက်မနေဘဲ ပြေပြစ်နေ၍လည်း ရေဆွဲအားမရှိပါ။ ပစောက်ပုံရှိသော ကမ်းခြေတွင် သဲသောင်ပြင်မှာ မာကျောကျစ်လျစ်၍ သဲနုန်းကျွံခြင်းများလည်း မဖြစ်ပါ။ ပင်လယ်ပြင်၏ သဘာဝလတ်ဆတ်သော လေနုအေးကို ရှူရှိုက်ရ၍ အဆုတ်၊ နှလုံး စသည်တို့အတွက် များစွာအကျိုးဖြစ်ထွန်းခြင်း၊ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ခြင်းဖြင့်လည်း ခန္ဓာကိုယ်တစ်ခုလုံးအတွက် အထူးကောင်းမွန်သော လေ့ကျင့်ခန်းကောင်းများ ဖြစ်စေခြင်း စသည့် အကျိုးတရားများစွာ ခံစားရရှိနိုင်သည်။ ပင်လယ်ပြင်၏ လှပသော နေဝင်ဆည်းဆာချိန်နှင့် သဲဖြူကျွန်း၏ အလှများကို ကိုယ်တိုင်ကြည့်ရှုခံစားနိုင်ရန် ချောင်းသာကမ်းခြေသို့ အရောက်လှမ်းဖို့လိုပါသည်။

ယခုနှစ် ပွင့်လင်းရာသီတွင် ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ချောင်းသာဇုန် ကမ်းခြေဈေးပွဲတော်ကို ကျင်းပချိန်နှင့် တိုက်ဆိုင်နေသည်။ ဖျော်ဖြေရေးအစီအစဉ်ကောင်းများ ပါဝင်၍ ခရီးသွားများ ပိုမိုများပြားလာကြမည်ဖြစ်သည်။ ခရီးသွားများ ပိုမိုများပြားလာချိန်တွင် အထောက်အကူပြုပေးနေကြသော Taxi ဆိုင်ကယ်များ၏ စည်းကမ်းတကျ ပို့ဆောင်ပေးမှု၊ ဟိုတယ်တိုင်း သန့်ရှင်းသာယာရေး၊ ကမ်းခြေလုံခြုံမှုရှိရေး၊ ဟိုတယ်များ အစဉ်တိုးတက်ကောင်းမွန်ရေး စသည်တို့ကို စနစ်တကျဆောင်ရွက်နေကြသော ချောင်းသာကမ်းခြေရှိ ဟိုတယ်များ၏ ဝန်ဆောင်မှုကောင်းများသည် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မင်းတပ်မြို့နယ် ကြို့နမ်ကျေးရွာတွင် အိုင်ပီစတားဖုန်း တပ်ဆင်ဖွင့်လှစ်

မင်းတပ် ဧပြီ ၁၃

ချင်းပြည်နယ် မင်းတပ်မြို့နယ် ကြို့နမ်ကျေးရွာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း iPstar ဖုန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးအရာရှိ ဦးလိန်းကီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကန်ပက်လက်မြို့နယ်မှူး ဦးလောမ်ဘိစ်နှင့် ရပ်မိရပ်ဖ ဦးထင်လုံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ iPstar ဆက်သွယ်ရေးစက်သည် ဖုန်းလေးလုံးအသုံးပြုနိုင်ပြီး နှစ်လုံးကို အခြားရွာများသို့ ဆင့်ပွားတပ်ဆင်မည်ဟု သိရသည်။

ဖွင့်ပွဲသို့ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထု ၇၀ ကျော်တက်ရောက်ကာ ည ၁၀ နာရီအထိ လူ ၂၀ အခမဲ့ ဆက်သွယ်အသုံးပြုကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဖေဖော်ဝါရီ ၆ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အကြို အခြေခံမီးသတ်သင်တန်း(၁/၂၀၁၁)ဆင်းပွဲကို အောင်နန်းရိပ်သာအနောက် အရန်မီးသတ်စခန်း၌ ကျင်းပရာ သင်တန်းထူးချွန်ဆုကို မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးမြကြိုင် ပေးအပ်စဉ်။ (၃၈၇)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်နှင့် စက်ပန်းထိုးသင်တန်း (၂/၂၀၁၁) ကို ဧပြီ ၂၅ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်ကြားပို့ချမည်

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား)တိုက်အမှတ်(P) အခန်းအမှတ်(၀၀၅) (၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ်(၁၀) KISS နတ်သုဒ္ဓါဒ်ပေါက်ဆိုင်၌ ရယူ၍ ဧပြီ ၂၄ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒေသဆီဖူလုံရေး နေ့နှမ်း ဧက ၁၀၀ ရေသွင်းစိုက်ပျိုး

ဇီးကုန်း ဧပြီ ၁၃

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြေစာရင်းဦးစီးဌာနတို့က ကြီးကြပ်၍ ၂၀၁၁ ခုနှစ် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတွင် မြို့နယ်အတွင်း စားသုံးဆီဖူလုံစေရန် နွေနှမ်းဧက ၁၀၀ ကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူကြီးများက ဆည်ရေများဖြင့် ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၂၈၉)

ရေစကြိုမြို့နယ် ကုန်းတလင်းကျေးရွာ၌ မြတ်ရတနာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရေစကြို ဧပြီ ၁၃

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အင်ချောင်းကျေးရွာအုပ်စု ကုန်းတလင်းကျေးရွာ မြတ်ရတနာစာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်၊ စာစောင်၊ ပရိဘောဂပစ္စည်းများနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့ မျက်နှာစာ၌ မတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သင်းနှင့် စာကြည့်တိုက်အလှူရှင် ဦးချစ်စိုး-ဒေါ်ခင်မူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက ငွေကျပ် နှစ်သောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်စန်းယုမော်က မဂ္ဂဇင်း၊ ဂျာနယ်အုပ်ရေ ၁၀၀၊ ပခုက္ကူမြို့ ဦးဘိုဆန်းမိသားစုက အလှူငွေကျပ် ၂၀၀၀၀၊ အင်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်သင်းက သုတရသစာအုပ် ၅၀၊ ဦးချစ်စိုး-ဒေါ်ခင်မူ မိသားစုက သုတရသစာအုပ် ၁၅၀၊ စားပွဲ တစ်လုံး၊ ထိုင်ခုံရှည် နှစ်လုံးနှင့် အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများ လှူဒါန်းသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ အလျားပေ ၃၀၊ အနံ ၂၂ ပေရှိ သွပ်မိုးတမံသလင်းခင်း၊ အုတ်ကာအဆောက်အအုံဖြစ်ပြီး နံရံကပ်ဗီရိုနှစ်လုံး ပါရှိကာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၀ ဖြစ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပညာတန်ဆောင် အလင်းရောင်

တောင်ကြီးမြို့နယ် ဖာပွန်းစံပြကျေးရွာတွင် နိုင်ငံတော်မတည်ငွေ၊ ဒေသခံပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်လှူဒါန်းသော သုတစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်တရားသူကြီး ဦးစောလွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်နီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

မဟာသင်္ကြန်အကြိုနေ့တွင် နေပြည်တော်တစ်ခွင် သင်္ကြန်တေးများလွှင့်ပျံ့ အတာသင်္ကြန်ရေသဘင်ပွဲ အေးချမ်းပျော်ရွှင် လန်းဆန်းစွာ ဆင်နွှဲ

နေပြည်တော် မဟာသင်္ကြန်ပွဲတော် အကြိုနေ့က ဟိုတယ်ရွှေပြည်တော်ရေသဘင်မဏ္ဍပ်၌ တေးသံရှင် ခင်မောင်တိုး ဖျော်ဖြေစဉ်။(ကြေးမုံ)

နေပြည်တော် ဧပြီ ၁၃

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်၏ အနှောင်းပိုင်း မဟာသင်္ကြန်အကြိုနေ့ဖြစ်သည်။ အတာသင်္ကြန်ရေသည် အေးချမ်းမှု၊ ရေကိုသား၍ အကြားမထင်မှု ဟူသော ရေ၏ဂုဏ်သတ္တိနှင့် လျော်ညီစွာ အေးချမ်းသာယာမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖြစ်ထွန်းစေသည်။ ယခုနှစ် အတာသင်္ကြန်ရေသည် နိုင်ငံသူနိုင်ငံသားအားလုံးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မမှိတ်မသုန် ယုံကြည်စွာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းလုံး၌ အေးချမ်းပျော်ရွှင် လန်းဆန်းစွာ ဆင်နွှဲကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော်တစ်ခွင်၌ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ယနေ့ သင်္ကြန်အကြိုနေ့မှစ၍ ဆင်နွှဲလျက်ရှိရာ နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၊ ဟိုတယ်ရွှေပြည်တော်၊ အိုအေစစ်ဟိုတယ်၊ မက်(စ်) မြန်မာကုမ္ပဏီအုပ်စု၏ တော်ဝင်ကုမုဒြာဟိုတယ်၊ ငွေဆင်ကုမ္ပဏီအုပ်စု၏ ရွှေမြန်မာဟိုတယ်၊ ရွှေသံလွင်မိသားစုကုမ္ပဏီ၏ ရွှေဧည့်သည်ဟိုတယ်နှင့် အမရဟိုတယ်တို့၏ မိသားစုမဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားများကို နံနက် ၇ နာရီခွဲမှစတင် ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

မြတ်တော်ဝင်ဟိုတယ် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ Guardians Music Band နှင့် တွဲဖက်၍ အဆိုတော်များဖြစ်ကြသည့် သအို၊ ဂျီလတ်၊ လှိုင်ဦးမော်၊ ကိုအောင်၊ တေးသံရှင်များနှင့် ၁၆ ဦး ယိမ်းအဖွဲ့တို့ဖြင့် လည်းကောင်း၊ ဟိုတယ်ရွှေပြည်တော်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့်အတူ ခင်မောင်တိုး၊ ကော်နီ၊ နန်းဆုရတီစိုးတို့ အပါအဝင် တေးသံရှင်များက တေးသံသာများဖြင့် **စာမျက်နှာ ၈ ကော်လံ ၄ သို့**◆

ရွှေသံလွင်မိသားစု၏ ရွှေဧည့်သည်ဟိုတယ် SKYNET ရေသဘင်မဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားနေသည်ကို တွေ့ရစဉ်။ (ကြေးမုံ)